ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 May 2021 ၁၀၂၇၅

ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

စာမျက်နှာ » ၃

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

စာမျက်နှာ » ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့်ဆန်များ သင်္ဘောပေါ်သို့ တင်ဆောင်နေမှုကို တွေ့ရစဉ်။

ဖေဖော်ဝါရီလမှ မေ ၁၂ ရက်အထိ ပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်း စုစုပေါင်း ၅၅၅၂၆၇၅ တန် တင်ပို့နိုင်ခဲ့

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ပင်လယ်ရေကြောင်းမှ ပြည်ပပို့ကုန် လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မေ ၁၂ ရက်အထိ ဆန်နှင့်ဆန်ကွဲ တန် ၁၃၀၆၃၀၀၊ ပြောင်း ၂၀၃၅၁၁၃ တန်၊ ပဲအမျိုးမျိုး ၁၁၁၂၉၆၃ တန်၊ နှမ်းအမျိုးမျိုး ၂၁၇၄၄၉ တန်၊ ရော်ဘာစိမ်း ၂၀၈၉၇၈ တန်နှင့် အခြားလယ်ယာကိုင်းကျွန်းထွက်ပစ္စည်းများ ၂၀၀၅၂၀၂ တန် စုစုပေါင်း ၆၈၈၆၀၀၄ တန် တင်ပို့ခဲ့သည့်အနက် ဖေဖော်ဝါရီလမှ မေ ၁၂ ရက်အထိ ဆန်နှင့်ဆန်ကွဲ ၄၀၅၄၁၆ တန်၊ ပြောင်း ၁၁၁၂၃၅၃ တန်၊ ပဲအမျိုးမျိုး ၅၁၆၃၅၈ တန်၊ နှမ်းအမျိုးမျိုး ၃၀၉၉၄ တန်၊ ရော်ဘာစိမ်း ၄၁၇၄၄ တန်နှင့် အခြားလယ်ယာကိုင်းကျွန်းထွက်ပစ္စည်းများ တန် ၃၄၄၅၈၁၀ စုစုပေါင်း ၅၅၅၂၆၇၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အချပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်အနက် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့သော မြို့နယ် ၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

ဆောင်းပါး စာမျက်နှာ » ၆

ကိုယ့်အယူဟာ ကိုယ့်အပူ၊ ကိုယ့်အစွဲဟာ ကိုယ့်ငရဲ

ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

ပြည်သူ့ကျန်းမာရေး အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီကုသ

ယခုအခါတွင် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် CDM ပြုလုပ်မှုများကြောင့် ပြည်သူလူထု ထိခိုက်နစ်နာမှု ကြီးကြီးမားမားဖြစ်ခဲ့သောလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ပါဝင်ပေသည်။ CDM ပြုလုပ်မှုများတွင် ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းပါဝင်ခဲ့မှုများကြောင့် မကျန်းမာသော ပြည်သူများ အားကိုးရာမဲ့ဖြစ်ခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်အားပေးကာ တပ်မတော်ဆေးဝန်ထမ်းများ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အနက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ ဖွဲ့စည်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရန် လိုအပ်သောလူနာများအား ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ပြည်သူလူထုအား နေ့ညမပြတ် ကုသပေးလျက်ရှိရာ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ယနေ့အထိ ပြင်ပလူနာပေါင်း နှစ်သိန်းကျော်နှင့် အတွင်းလူနာပေါင်း ခြောက်သောင်းကျော်ကို ကုသပေးခဲ့သည်။ ၎င်းတို့တွင် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သောလူနာ တစ်သောင်းခန့်နှင့် အသေးစားခွဲစိတ်ကုသရန်လိုအပ်သောလူနာ ငါးထောင်ခန့်ကို ခွဲစိတ်ကုသပေးခဲ့သည်။ ထို့အပြင် ကလေးမီးဖွားလူနာ ငါးထောင်ခန့်နှင့် ပုံမှန်မီးဖွားလူနာ ခုနစ်ထောင်ကျော်ကို မွေးဖွားပေးနိုင်ခဲ့ရာ ယနေ့အထိ ကလေးသူငယ် တစ်သောင်းကျော်ကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

ယင်းတို့သည် တပ်မတော်က အခြေခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ကျန်လူနာများမှာ ငွေကြေးတတ်နိုင်ကြသဖြင့် ပြင်ပပုဂ္ဂလိကကျန်းမာရေးကဏ္ဍတွင် ဆေးကုသလျက်ရှိကြသည်။ CDM ပြုလုပ်သောကြောင့် ကျန်းမာရေးကဏ္ဍ၌ လတ်တလောတွင် အခက်အခဲများရှိသော်လည်း တပ်မတော်နှင့်ပုဂ္ဂလိကကဏ္ဍ ဟန်ချက်ညီကုသပေးနိုင်မှုကြောင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုမှာ အဆင်ပြေလျက်ရှိသည်။ ကျန်းမာရေးအချက်အလက်များအရ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၌ ပဋ္ဌမမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ ယမန်နှစ်က အိမ်နီးချင်းနိုင်ငံများသို့ ဆေးကုသသွားကြသည့်လူဦးရေမှာ နေ့စဉ်လူ ၅၀၀ ခန့်ရှိသည်။ ပြည်ပသို့ဆေးကုသမှု တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ရာ ထိုင်းနိုင်ငံ၌ အများဆုံးကုသကြသည်။

မြန်မာနိုင်ငံတွင် အများပြည်သူဆေးရုံ ၁၁၁၅ ရုံရှိပြီး ပုဂ္ဂလိကဆေးရုံ ၁၈၇ ရုံရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆေးရုံခုတင်ပေါင်း ခြောက်သောင်းကျော်ရှိရာ စစ်တမ်းများအရ လူနာစုစုပေါင်း၏ ၇၂ ရာခိုင်နှုန်းသည် ပြင်ပပုဂ္ဂလိကဆေးရုံများတွင် ကုသမှုခံယူကြသည်။ မြန်မာနိုင်ငံ၏ ပြည်သူလူထုကျန်းမာရေးကို ဖော်ပြပါအချက်များဖြင့် ဆန်းစစ်ကြည့်လျှင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကို မြှင့်တင်အားပေးရန် လိုအပ်သည်ကို တွေ့ရသဖြင့် မကြာသေးမီက ၂၄ နာရီကာလပတ်လုံး နိုင်ငံတကာအဆင့်မီ မိခင်နှင့် ကလေးဆေးရုံကြီးတစ်ရုံကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ငွေကြေးတတ်နိုင်သူ ပြည်သူများမှာ ပြင်ပနှင့်ပုဂ္ဂလိကကျန်းမာရေးကဏ္ဍအား အဓိကအားထားကြသည်ကိုတွေ့ရပြီး ငွေကြေးမတတ်နိုင်သော ပြည်သူများမှာ ပြည်သူ့ဆေးရုံများအား အားကိုးကြသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အခြေခံပြည်သူများ အားကိုးအားထားရာ ပြည်သူ့ဆေးရုံကြီးများတွင် အခြေခံပြည်သူများကို မထောက်ထားဘဲ ဆရာဝန်၊ သူနာပြုများက CDM ပြုလုပ်ခဲ့ကြသောကြောင့် ပြည်သူများ အခက်အခဲဖြစ်နေကြသည်မှာ အမှန်ဖြစ်သည်။ လတ်တလောတွင် ပြည်သူ့ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ဆရာဝန်၊ သူနာပြုအခက်အခဲကြောင့် ပြည်သူတို့အား အတတ်နိုင်ဆုံးသာ ကုသမှုပေးနေရသည်။ ရေရှည်အတွက် ပြည်သူ့ဆေးရုံများ ပြန်လည်ထူထောင်ဦးမော့လာစေရေးအတွက် ကျန်းမာရေးကျင့်ဝတ်များကို လေးစားလိုက်နာပြီး နိုင်ငံနှင့် ပြည်သူများအပေါ်တွင် စစ်မှန်သောစေတနာဖြင့် သစ္စာရှိစွာ ထမ်းဆောင်နိုင်ကြမည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို အလျင်အမြန် မွေးထုတ်ပေးရဦးမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေးလုပ်ငန်းသည် အလွန်မွန်မြတ်သောလုပ်ငန်းဖြစ်၍ မျိုးဆက်သစ်များအနေဖြင့် ဆေးပညာဖြင့် ပြည်သူလူထုအား အလုပ်အကျွေးပြုနိုင်ရန် ရိုးသားကြိုးစားသော၊ မွန်မြတ်သော စိတ်ထား ရည်ရွယ်ချက်များကို ခိုင်မြဲစွာစိုက်ထူကာ ဆက်လက် ကြိုးပမ်းကြရမည်ဖြစ်သည်။ လတ်တလောတွင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍနှင့် တပ်မတော်ဆေးဝန်ထမ်းကဏ္ဍတို့က ပြည်သူလူထုအား ဟန်ချက်ညီစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။ ။

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၃၀ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၅ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာအေးထွန်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာ့စီးပွားရေးဘဏ်မှ အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူ၏အပ်နှံငွေများကို လက်ခံထိန်းသိမ်းပေးပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရဌာနများအားလုံး၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာများကိုလည်း တာဝန်ယူထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ(၂၇) ရက်စွဲဖြင့် "ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ(၃)ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များဖွင့်လှစ်၍ ငွေသားအပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်" ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ ပြည်သူများ ဘဏ်စာရင်းအသစ် ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် အထူးဝန်ဆောင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေလ (၁၇)ရက် (တနင်္လာနေ့)မှစတင်၍ အောက်ပါအစီအစဉ် အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည် -

(က) အထူးဝန်ဆောင်မှု ဆောင်ရွက်ပေးမည့်နေရာ

မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ပထမထပ်
အမှတ် (၄၃/၄၅)၊ ပန်းဆိုးတန်းလမ်း
ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁- ၃၈၇၅၅၂၊ ၀၁-၃၇၉၃၅၁

(ခ) ဝန်ဆောင်မှုပေးမည့် လုပ်ငန်းများ

(၁) စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ်ဖွင့်လှစ်ပေးခြင်းနှင့်ငွေသားအပ်နှံမှု လက်ခံခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၂) အဆိုပါ စာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်းနည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ငွေသားပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါသည်။

(၃) အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ(၇၆)ဘဏ်သို့ အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၄) ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှု စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ကြေးမုံ

စာတည်းမှူးချုပ်	-	ဦးစိုးစိုးနိုင်	**အငယ်တန်း**	-	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	-	ဦးဝင်းနိုင်	**သတင်းထောက်များ**		ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
သတင်းထောက်မှူး	-	ဦးမြင့်စိုး			ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	-	ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊	**သုတေသန**	-	ဒေါ်ဇင်မာဝင့်
		ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	**စာပြင်**	-	ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
		ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**စာမျက်နှာဖွဲ့စည်းမှုနှင့်**	-	ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
ဘာသာပြန်	-	ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊	**ဒီဇိုင်း**		
စာတည်းများ		ဦးအောင်ကျော်ကျော်	**အီးမေးလ်နှင့် အွန်လိုင်း**	-	ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်
အကြီးတန်း	-	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊			
သတင်းထောက်များ		ဒေါ်နေဇာဇာထွန်း			

အခြေခံပညာအဆင့်တွင် အလေးထား

စာပေသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကောင်းမွန်စွာ စာပေသင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် အခြေခံပညာအဆင့်တွင် အလေးထား၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)သို့ ရောက်ရှိပြီး နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒီဂရီကောလိပ် အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့်လည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း တွေ့ဆုံပြီး ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ခြောက်မျိုးနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိပြီး နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ စာသင်ခန်းမအတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ တက္ကသိုလ်ပြတိုက်၊ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကာ တက္ကသိုလ် အစည်းအဝေးခန်းမ၌ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် လည်းကောင်း၊ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ခေတ္တပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း တွေ့ဆုံ၍ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် ခြောက်မျိုးနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တို့တွင် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးကို ထိခိုက်စေသည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ရှားရေး၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်၍ ကြံ့ခိုင်အောင် တည်ဆောက်ရေးနှင့် အားကစားပြိုင်ပွဲများ မပြတ်ကျင်းပပြုလုပ်ပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကို မှာကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၇၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းဆင်းပြီးပါက ပညာရေး (B.Ed)ဘွဲ့ ပေးအပ်၍ ပညာရေးဝန်ကြီးဌာနတွင် အထက်တန်းပြရာထူးဖြင့် လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) နောက်ဆုံးနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၀၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းဆင်းပြီးပါက သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် A.G.T.I ဒီပလိုမာများ ပေးအပ်၍ ဝန်ကြီးဌာနအသီးသီးတွင် အကြီးတန်းစာရေး၊ အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးဖြင့် လည်းကောင်း စတင်တာဝန်ပေး ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပျဉ်းမနား - တောင်တွင်းကြီး - ပျဉ်းမနား RBE ရထား စတင်ပြေးဆွဲ

တောင်တွင်းကြီး မေ ၁၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသည် မိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထားများပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယခုထပ်မံ၍ မေ ၁၅ ရက် နံနက် ၆ နာရီမှစတင်ကာ ပျဉ်းမနားဘူတာမှ ပျဉ်းမနား-တောင်တွင်းကြီး အမှတ်(၁၀၃) အဆန် RBE ရထားအား တွဲနှစ်တွဲဖြင့် စတင်ပြေးဆွဲပေးခဲ့ရာ တောင်တွင်းကြီးဘူတာသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာရာ ရထားစီးခရီးသည်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုံခြုံရေးတပ်ဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါရထားသည် အမှတ်(၁၀၄) အစုန်ရထားအဖြစ် တောင်တွင်းကြီးမှ နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ ပျဉ်းမနားဘူတာသို့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သိန္နီမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေး

သိန္နီ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သိန္နီမြို့နယ်ဦးစီးဌာနမှူးရုံး၌ ယနေ့ နံနက်ပိုင်းမှစ၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သိန္နီမြို့နယ် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် သိန္နီမြို့နယ် မိုင်းယန်းကျေးရွာအုပ်စုအတွင်းရှိ ရွာလေးရွာမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်လိုသူများအတွက် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်ရှိနေသော သိန္နီမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွန်းထံမှ သိရသည်။

ညီညီပိုင်စိုး (ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြည့်ရှုအားပေး၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

မန္တလေး မေ ၁၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်ဘူတာအနီးရှိ KM Terminal and Logistics Limited ၏ ကုန်းတွင်းဆိပ်ကမ်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကုမ္ပဏီ၏ Phase 2 လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုနှင့် Phase 1 ရှိ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တက်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌနှင့်အတူ မန္တလေးမြို့ရှိ Pullman Mandalay Mingalar Hotel ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ဆုတ်ယုတ်ကျဆင်းခဲ့ကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ပြန်လည်တည့်မတ်ရေးအတွက် အစိုးရနှင့်လုပ်ငန်းရှင်များ အားလုံးပူးပေါင်းဆောင်ရွက်မှသာ ကာလတိုအတွင်း စီးပွားရေး ပြန်လည်ဦးမော့လာမည်ဖြစ်ပါကြောင်း။

လတ်တလောအနေအထားတွင် နိုင်ငံအတွင်းရှိသည့် လူထုအနေဖြင့် လှုံ့ဆော်မှုများကြောင့် ဘဏ်များအပေါ် ယုံကြည်မှုကျဆင်းကာ မိမိတို့ အပ်နှံထားသည့် ငွေများကို ပြန်လည်ထုတ်ယူမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က လိုအပ်သည့် အစီအမံများ ချမှတ်ပြင်ဆင်လျက်ရှိသဖြင့် ဘဏ်များနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် စိတ်ပူပန်ရန်မလိုဘဲ ယခင်ကကဲ့သို့ပင် ယုံယုံကြည်ကြည်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုရရှိရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ စိန်ခေါ်မှုများရှိနေသော်လည်း ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအရ စီးပွားရေးနှင့်ပတ်သက်သည့် အလားအလာကောင်းများ ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီက စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရန် လိုအပ်သည့်အချက်များနှင့် အကြံပြုချက်များ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ လေ့ကျင့်သင်ကြားရေးနှင့် သင်တန်းများပြန်လည်ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေသည် အဖွဲ့ဝင် ဦးဆန်းမြင့်နှင့်အတူ မေ ၁၃ ရက်ကပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလမှစ၍ ရပ်နားထားခဲ့ရသော နိုင်ငံ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေးဆိုင်ရာ သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သင်တန်းသားအိပ်ဆောင်များ၊ စာသင်ခန်းမများ၊ စားရိပ်သာများနှင့် သင်တန်းအုပ်ချုပ်မှုဆိုင်ရာရုံး၊ အဆောက်အအုံများအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ထားရှိမှု၊ သင်တန်းသားများ ကျန်းမာရေးနှင့်အညီ သွားလာနေထိုင်စားသောက်ရေး ပြင်ဆင်ထားရှိမှု၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆွေးနွေးမှာကြား

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် မေ ၁၄ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားစေရေး လေ့ကျင့်သင်တန်းပေးရာတွင် တက္ကသိုလ်မှ ပုံမှန်သင်ကြားပို့ချပေးလျက်ရှိသော သင်ခန်းစာများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပညာရပ်များ အလေးထားသင်ကြားပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စည်းကမ်းလိုက်နာပြီး ပြည်သူလူထုအပေါ် ကောင်းမွန်သော ဝန်ဆောင်မှုပေးရမည်ဆိုသည့် အသိစိတ်ဓာတ်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ အဖွဲ့အစည်းဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အထက်အောက် အပြန်အလှန် လေးစားမှု စိတ်ဓာတ်များ တိုးမြင့်လာစေရေး အလေးထားသင်ကြားပေးရန် ကိစ္စ၊ သင်ကြားပို့ချမည့် ဘာသာရပ်များ၊ သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ဖြစ်စေရေး၊ နီးနွယ်သည့် ပညာရပ်ဆိုင်ရာ တက္ကသိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်း ပြင်ဆင်ရေးကိစ္စရပ်များ၊ တက္ကသိုလ်၏ ဂုဏ်သိက္ခာမြင့်တက်လာစေရေးအတွက် အုပ်ချုပ်ရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ စီမံချက်များ ချမှတ်အကောင်အထည်ဖော်ရေး ကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဇွန် ၇ ရက်မှစ၍ အရာထမ်းအခြေခံ (အထူး) သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စာရေးဝန်ထမ်း အခြေခံသင်တန်း၊ အရာထမ်းငယ်အခြေခံ သင်တန်းနှင့် အရာထမ်းအခြေခံသင်တန်းတို့ကိုလည်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တစ်ခုတည်းတွင် စုစည်း၍ သတ်မှတ်ကာလအလိုက် ဆက်လက်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ဖိုးနီကျွန်း(ဗိုလ်ရာညွှန့်ကျွန်း)နှင့် ဘာလားကျွန်း (သံယုတ်ကျွန်း)ကို အမြန်ရေယာဉ်ဖြင့် လှည့်ပတ်ကြည့်ရှုပြီး (115) ကျွန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကျွန်းပေါ်တွင် ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဟိုတယ်စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟိုတယ်စီမံကိန်းဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် အဆိုပါကျွန်းအနီးရှိ အောက်ချင်းငှက်များ နားခိုနေထိုင်ရာ ဖြူဖွေးနူးညံ့သည့် သဲသောင်ပြင်နှင့် ကျောက်စရစ်ကမ်းခြေ ဆက်စပ်တည်ရှိပြီး ကျွန်းပတ်လည်တွင် Snorkeling ပြုလုပ်နိုင်သော ရေအောက်သန္တာကျောက်တန်းများ ပေါကြွယ်ဝသည့် ဟန်းနီးမွန်းကျွန်းပတ်လည်သို့ အမြန်ရေယာဉ်ဖြင့် လှည့်ပတ် ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်နယ်မြေအတွင်းရှိ ဆလုံတိုင်းရင်းသားများနေထိုင်သော ဗိုလ်ချိုကျွန်း၊ မကြုံဂလက်ကျေးရွာရှိ အောင်ခေမာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံဆလုံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလုံးလက်ဖယ်ကျွန်းရှိ ပြည့်စုံထက်မြင့်ကုမ္ပဏီလီမိတက်၏ မုတ်ကောင်သားဖောက် ပုလဲမွေးမြူထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပုလဲမွေးမြူရေးနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းအပြင် ပုလဲမွေးမြူရေးလုပ်ငန်းသည်လည်း ဝင်ငွေရရှိသည့်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ပုလဲလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ငါးလုပ်ငန်းတို့ကို စနစ်တကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် မြိတ်ကျွန်းစုသည် သာယာလှပသော ကျွန်းများနှင့် ကမ်းရိုးတန်းဒေသ၏ ဒေသတွင်းဂေဟစနစ်ကောင်းမွန်မှုကြောင့် ဒီရေရောက်တောများ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်များနှင့် ရေသယံဇာတများ ပေါကြွယ်ဝသည့်အတွက် အဏ္ဏဝါခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၁၅

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရာနှုန်းပြည့် အစုရှယ်ယာရှင်ဖြစ်သော နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တိုးချဲ့ဆောင်ရွက်သွားရန်လို

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမောင်မောင်နိုင်က ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ တိုးတက်ပြောင်းလဲလာသော Digital Banking ကို IT နည်းပညာ ကျွမ်းကျင်မှုများဖြင့် တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ထို့နောက် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို ကြေညာအတည်ပြုခဲ့ပြီး (Win Thin & Associates Certified Public Accountants)မှ Senior Manager ဒေါ်ခင်မျိုးအောင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားခြင်း၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များကို ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးထွန်းက တင်ပြအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် Win Thin & Associates Certified Public Accountants အဖွဲ့တို့သည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

သတင်းစဉ်

ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး မင်္ဂလာဈေးနှင့်ပြည်သူ့အငှားအိမ်ရာ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် ယနေ့နံနက် ၇ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ မင်္ဂလာဈေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်ကာလအတွင်း စံချိန်စံညွှန်း ကိုက်ညီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေး၊ ဆိုင်ခန်းဖွဲ့စည်းနေရာချထားမှုများ အဆင်ပြေချောမွေ့စေရေးတို့ကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါမင်္ဂလာဈေး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် မေလတွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၇ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး လုပ်ငန်းတစ်ခုလုံးကို ၂၀၂၂ ခုနှစ်အောက်တိုဘာလတွင် အပြီးဆောင်ရွက်ရန်လျာထားကြောင်း၊ မြေအောက် ၂ ထပ်၊ မြေပေါ် ၁၅ ထပ်ဖြင့် ဘဏ်များ၊ City Mart၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် ယာဉ်ရပ်နားရန်နေရာများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပတ်လမ်းရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရုံး၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းအသင်းချုပ်(MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာအသင်းချုပ် (MLCA)၊ Quality Control ဆောင်ရွက်သည့် ကုမ္ပဏီများ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း အိမ်ရာများဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဂုဏ်ပြုဆောင်းပါး

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

ဒေါက်တာအေးအေးသင်း
အမျိုးသားပြတိုက် (နေပြည်တော်)

ကိုဗစ်–၁၉နှင့် ပြတိုက်များ

ကိုဗစ်–၁၉ ကပ်ရောဂါဘေးဆိုးကြီး ပေါ်ပေါက်လာသည်နှင့် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်၊ တားဆီး၊ ကာကွယ်နိုင်ရန်အတွက် နိုင်ငံရပ်ခြားသာမက ပြည်တွင်းဆက်သွယ်သွားလာမှုများနှင့် လူစုလူဝေးဖြစ်စေနိုင်သည့်နေရာများကို တစ်ကမ္ဘာလုံးက ပိတ်ပင်တားမြစ်ခဲ့ကြပါသည်။ အဓိကအားဖြင့် စာသင်ကျောင်းများ၊ တက္ကသိုလ်နှင့်ကောလိပ်များ၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များ၊ စာကြည့်တိုက်များနှင့် ပြတိုက်များကို ပိတ်ခဲ့ရပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၅ ရက်နေ့မှစတင်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ လက်အောက်ရှိ ပြတိုက်များသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ ဝင်ရောက်လေ့လာခွင့်ကို ပိတ်ခဲ့ရပါသည်။

ပြတိုက်များကို ဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များအနက် တစ်ချက်ဖြစ်သည့် "အများပြည်သူ စိတ်ချမ်းမြေ့စွာ လေ့လာနိုင်စေရန်" ဟူသည့်အချက်ကို အပြည့်အဝ မဟုတ်သော်လည်း တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးသည့်အနေဖြင့် ကိုဗစ်–၁၉ ကာလအတွင်း ပြတိုက်များပိတ်ထားရသည့်အချိန်တွင် ပြတိုက်များသည် မိမိတို့ပြတိုက်များ၏ ဝက်ဘ်ဆိုက်များနှင့် အခြားသော လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ပြတိုက်တွင် ပြသထားသည့် ပြသပစ္စည်းများနှင့် ပတ်သက်သော ဓာတ်ပုံများ၊ ဗီဒီယိုများကို ထုတ်လွှင့်ပြသခြင်း၊ Video Conferencing ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြင့် အများပြည်သူနှင့် ပြတိုက်များအကြား ဆက်သွယ်ပေးသည့် အွန်လိုင်းကဏ္ဍသည် ပြတိုက်များအတွက် အရေးပါလာခဲ့ရလေသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့

ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်များ တစုတစည်းတည်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ၁၉၄၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (ICOM) က ပြတိုက်များသည် လူ့အဖွဲ့အစည်းအတွက် သီးခြားလွတ်လပ်စွာ ဝန်ဆောင်မှုများပေးလျက်ရှိကြောင်းကို လူအများသတိပြုမိစေရန်အတွက် လှုံ့ဆော်ပေးသည့်အနေဖြင့် နှစ်စဉ်မေလ ၁၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" အဖြစ် ၁၉၇၇ခုနှစ်မှ စတင်သတ်မှတ်ကာ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလေ့ရှိရာ ကမ္ဘာတစ်ဝန်းလုံးရှိ ပြတိုက်ထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲလေ့ရှိပါသည်။ နှစ်စဉ် "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" အတွက် လတ်တလောပေါ်ပေါက်လျက်ရှိသော အဖြစ်အပျက်များနှင့် ဆက်စပ်သည့်ဆောင်ပုဒ်များကို ချမှတ်ပေးကာ အဆိုပါဆောင်ပုဒ်နှင့်ကိုက်ညီမည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ စားပွဲဝိုင်းဆွေးနွေးပွဲများ၊ အထူးပြပွဲများကို ကျင်းပလေ့ရှိကြသည်။ မေလ ၁၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အဖြစ် သတ်မှတ်ထားသော်လည်း ထိုရက် တစ်ရက်တည်းဖြစ်စေ၊ တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ ကျင်းပလေ့ရှိကြသည်။ ၂၀၁၉ ခုနှစ်၏ "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ဆောင်ပုဒ်မှာ "ရိုးရာယဉ်ကျေးမှုများ၏ အနာဂတ်အရေး၊ ပြတိုက်များက ဗဟိုပြုဖော်ဆောင်ပေး" (Museum as Cultural Hubs: The Future of Tradition) ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ပုဒ်မှာ "မတူကွဲပြားပါဝင်ခြင်းများ၊ တန်းတူညီမျှပြတိုက်များ" (Equality: Diversity and Inclusion) ဖြစ်သည်။

လွန်ခဲ့သည့်နှစ် (၂၀၂၀ ပြည့်နှစ်)က တစ်ကမ္ဘာလုံး ကိုဗစ်–၁၉ ဖြစ်ပွားနေမှုကြောင့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို လူစုလူဝေးဖြင့် မကျင်းပနိုင်ခဲ့ပါ။ အွန်လိုင်းမှတစ်ဆင့် Video Conferencing၊ Webinar၊ Zoom Meeting များဖြင့်သာ ကျင်းပနိုင်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံအသီးသီးမှ ပြတိုက်များက အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပြိုင်ပွဲများ၊ ပြတိုက်များနှင့်သက်ဆိုင်သည့် ရှင်းလင်းဟောပြောချက်များ၊ ပြပွဲများကို ဆိုရှယ်မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ဖြန့်ချိ၍ ပြည်သူလူထုကို အသိပညာပေးလှုံ့ဆော်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၅၈ နိုင်ငံမှ ပြတိုက်ပေါင်း ၃၇၀၀၀ ကျော်တွင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားများကို အွန်လိုင်းမှတစ်ဆင့် ကျင်းပနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့"

၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီအဖွဲ့ဝင်နိုင်ငံဖြစ်ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ်မှစတင်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်အောက်ရှိ အမျိုးသားပြတိုက်များက "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" ရောက်တိုင်း အထိမ်းအမှတ်အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကို နှစ်စဉ် ဦးစီးကျင်းပလေ့ရှိခဲ့ကြသည်။ သို့သော် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့"ကို လူစုလူဝေးဖြင့် မကျင်းပနိုင်ခဲ့၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် "အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (မြန်မာ)" ICOM(Myanmar)သည် "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့" အထိမ်းအမှတ်အနေဖြင့် ပြတိုက်ဆိုင်ရာ ဉာဏ်စမ်းပြိုင်ပွဲများကို အွန်လိုင်းမှတစ်ဆင့် အများပြည်သူတို့ ဖြေဆိုနိုင်စေရန် ဆောင်ရွက်ပေးပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ချီးမြှင့်ခြင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ပြတိုက်များအကြောင်းနှင့် ပြသပစ္စည်းများ၏အကြောင်းများကို လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အများပြည်သူတို့ လေ့လာနိုင်ရန်အတွက် ထုတ်လွှင့်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှကောင်စီ(မြန်မာ)၏ အကူအညီဖြင့် "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့"နှင့် ပတ်သက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြတိုက်ပညာရှင်များ၏ ရှင်းလင်းပြောကြားချက်များကို ဗီဒီယိုရိုက်ကူးကာ ဗြိတိသျှကောင်စီ (မြန်မာ) ၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ထုတ်လွှင့်နိုင်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့(၂၀၂၁)

ယခုနှစ် ၂၀၂၁ခုနှစ် မေလ ၁၈ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (၂၀၂၁) (International Museum Day, IMD 2021) အတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (ICOM)က ထုတ်ပြန်ထားသည့်ဆောင်ပုဒ်မှာ "ပြတိုက်များ၏ အနာဂတ်အရေး၊ ပြန်လည်ထူထောင်ပုံဖော်ပေး" (The Future of Museum: Recover and Reimagine) ဖြစ်ပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ပြတိုက်များအားလုံးနီးပါး တစ်နှစ်ကျော် ယာယီပိတ်ထားရာမှ အချို့သောပြတိုက်များမှာ ဆက်လက်ထိန်းသိမ်းရန်အတွက် စရိတ်စကများ မတတ်နိုင်တော့၍ အပြီးတိုင်ပိတ်သိမ်းခဲ့ရခြင်းမျိုးအထိ အခြေအနေများဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိရာ ပြတိုက်များ ရေရှည်တည်တံ့စွာ ရပ်တည်နိုင်ရန်အတွက်နှင့် မူလအခြေအနေအတိုင်း ပြန်လည်ကောင်းမွန်လာစေရန် ပြန်လည်ထူထောင်ပေးကြရမည်ဖြစ်ကြောင်း လှုံ့ဆော်ပေးသည့်ဆောင်ပုဒ် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ (၂၀၂၁) (International Museum Day, IMD 2021) ၏ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (ICOM)က ထုတ်ပြန်ထားသည့် ပိုစတာပုံတွင် ရုတ်တရက်ကြည့်ပါက ရေငုပ်မျက်မှန်တပ်ထားသူတစ်ဦး ရေငုပ်နေသည့်ပုံဟု ယူဆရသော်လည်း အမှန်မှာ မျှော်လင့်ခြင်းသစ်ပင်လေးကို လူတစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်းနေသည့်ပုံကို သုံးဖက်မြင် ပိုလာလိုက်ဇ်မျက်မှန် (3D Polarized Glass) ဝတ်ဆင်ထားသည့် လူတစ်ဦးက ကြည့်နေဟန် သရုပ်ဖော်ထားခြင်း ဖြစ်ပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြောင့် ပြတိုက်များကို ယာယီပိတ်ထားရသည့်အချိန်တွင် "အများပြည်သူကို အသိပညာဗဟုသုတပေးရန်"ဟူသည့် ပြတိုက်များ၏ အဓိကလုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူလူထုက ပြတိုက်သို့ မလာနိုင်လျှင် ပြတိုက်က ပြည်သူလူထုထံသို့ သွားရောက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခုအခါ ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များသည် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုကာ ပြည်သူလူထုကို အသိပညာများဖြန့်ဝေရင်း အခြားတစ်ဖက်မှလည်း မိမိတို့၏ပြတိုက်များ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးကို ဆောင်ရွက်လျက်ရှိကြပါသည်။

ပြတိုက်များသည် ပြည်သူလူထုအနေဖြင့် လူ့အဖွဲ့အစည်း၏ အတိတ်သမိုင်းကြောင်းများကို သိရှိနားလည်ရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ်များ ဖြစ်ပေါ်လာစေရန် လှုံ့ဆော်မှုပေးရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြသဖြင့် ပြတိုက်များ၏ အနာဂတ်လှပစေရေး ဝိုင်းဝန်းထူထောင် ပုံဖော်ပေးရန် လိုအပ်ပါကြောင်း "အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့"ကို ကြိုဆိုဂုဏ်ပြုလျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြောင့် ပြတိုက်များကို ယာယီပိတ်ထားရသည့်အချိန်တွင် "အများပြည်သူကို အသိပညာဗဟုသုတပေးရန်" ဟူသည့် ပြတိုက်များ၏ အဓိကလုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူလူထုက ပြတိုက်သို့ မလာနိုင်လျှင် ပြတိုက်က ပြည်သူလူထုထံသို့ သွားရောက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ယခုအခါ ကမ္ဘာတစ်ဝန်းရှိ ပြတိုက်များသည် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုကာ ပြည်သူလူထုကို အသိပညာများဖြန့်ဝေရင်း အခြားတစ်ဖက်မှလည်း မိမိတို့၏ပြတိုက်များ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးကို ဆောင်ရွက်လျက်ရှိ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

✻ **ကျော်ဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပညာရေးကဏ္ဍဆိုင်ရာလုပ်ဆောင်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဧပြီလအတွင်း လုပ်ဆောင်ချက်များ၊ NUG၊ CRPH နှင့် PDF တို့ကို အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့သည့်ကိစ္စရပ်များ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများ ဖော်ထုတ်ရရှိမှုအခြေအနေများနှင့် ပတ်သက်၍ Powerpoint Presentation များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးသည့်ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုအခြေအနေများ၊ မဲမသမာမှုဖြစ်ပေါ်စေရန် ဖိအားပေးစေခိုင်းခံခဲ့ရမှုဖြစ်စဉ်ဖြစ်ရပ်များ၊ မဲစာရင်းလက်တွေ့စစ်ဆေးချက်များနှင့်ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ထုတ်ပြန်ပေးလျက်ရှိပြီး စစ်ဆေးပြီးစီးမှုပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက Powerpoint Presentation များ၊ မြေပြင်စစ်ဆေးတွေ့ရှိချက် အချက်အလက်များဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှိုင်းမြိုင်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာအချက်အလက်များ၊ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့စစ်ဆေးချက်များနှင့် သိရှိနိုင်ရန်လိုအပ်သည့် တွေ့ရှိချက်အထောက်အထားများကို ခင်းကျင်းပြသထားရှိရာ သတင်းစာရှင်းလင်းပွဲ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဥပဒေနှင့်အညီဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။



အစွန်းရောက်အဖွဲ့များအသုံးပြုသည့် ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းများ

မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာ၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား ဖြိုခွဲထိန်းသိမ်းစဉ် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှု

✩ **ရှေ့ဖုံးမှ**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ယနေ့ညနေ ၄ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းရုံး၌ ပြည်ပသို့ လယ်ယာထွက်ကုန်ဆန်တင်ပို့မှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၇) ဆူးလေဆိပ်ကမ်းတံတားသို့ သွားရောက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ဆန်များ MV.VTC Planet သင်္ဘောပေါ်သို့ တင်ဆောင်နေမှုအခြေအနေများကို ကြည့်ရှုသည်။

ကုန်သွယ်လုပ်ငန်းရှင်များ၊ စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက လုပ်ငန်းကော်မတီတယ်လီဖုန်းအမှတ် ၀၉- ၆၆၄၀၇၅၆၈၃၊ ၀၉- ၆၈၇၆၃၅၉၄၃၊ ၀၉- ၆၇၆၃၂၀၈၂၆၊ ၀၉-၆၆၄၅၉၆၃၂၇ များသို့လည်းကောင်း၊ ဗဟိုကော်မတီတယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၆၇၁၊ ၀၆၇-၄၀၉၆၇၂၊ ၀၆၇-၄၀၉၆၇၃ သို့လည်းကောင်း ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးစဉ်။ သတင်းစဉ်

ကိုယ့်အယူဟာ ကိုယ့်အပူ၊ ကိုယ့်အစွဲဟာ ကိုယ့်ငရဲ

စာချစ်သူ

ပါလီမန်ဒီမိုကရေစီစနစ်တွင် ထုံးတမ်းစဉ်လာတစ်ရပ်ကဲ့သို့ဖြစ်နေသော ပျော့ကွက် ဟာကွက်တစ်ခု ရှိပေသည်။ အထူးသဖြင့် တိုင်းသူပြည်သားများ၏ အသိဉာဏ်ပညာနှင့် လူနေမှုအဆင့်အတန်းနိမ့်ကျသော ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသည့် တိုင်းပြည်များတွင် ယင်းအဖြစ်မျိုးကို ပိုမိုတွေ့ကြုံရလေ့ရှိသည်။

ထိုအချက်ကား တစ်ပါတီနှင့်တစ်ပါတီ ယှဉ်ပြိုင်မဲဆွယ်ရာမှ မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်ကြပြီး ခြေလွန်လက်လွန်ဖြစ်ကာ အကြမ်းဖက်မှုများဖြစ်ပွားခြင်းပင်တည်း။

ပဋိပက္ခများ ရင်ဆိုင်ကြုံတွေ့ခဲ့ရ

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစ ဆယ်စုနှစ်ကာလအတွင်း ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော မြန်မာနိုင်ငံသည်လည်း ထိုသို့သော ပဋိပက္ခများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးသည်။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ဂိုဏ်းဂဏစိတ် အစွဲအလမ်းကြီးမားမှုကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌လည်း အက်ကွဲမှုများစွာဖြစ်ပေါ်ခဲ့ရလေသည်။ တည်မြဲနှင့် သန့်ရှင်း ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲလေသောအခါ ဝိရောဓိများက ပို၍များလာသည်။ တစ်ဖက်နှင့်တစ်ဖက် ထောက်ခံသူအချင်းချင်း ကွဲကြပြဲကြသည်။ မခေါ်နိုင်၊ မပြောနိုင်ဖြစ်ကြသည်။ သူ့လူကိုယ့်လူ၊ သူ့ဘက်ကိုယ့်ဘက် သံသယစိတ်အမြင်များကြောင့် မိတ်ဆွေအချင်းချင်း၊ ဆွေမျိုးသားချင်းအချင်းချင်းကြား မေတ္တာများ ပျက်ကြရသည်။ ယုတ်စွအဆုံး မိဘမောင်ဖွား မိသားစုအချင်းချင်းပင် မျက်နှာချင်းဆိုင် ထမင်းလက်ဆုံ မစားနိုင်လောက်အောင် စိတ်ဝမ်းများကွဲကြ။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုနှင့် ဂိုဏ်းဂဏစိတ် အစွဲအလမ်းကြီးမားမှုကြောင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌လည်း အက်ကွဲမှုများစွာဖြစ်ပေါ်ခဲ့ရလေသည်။ တည်မြဲနှင့် သန့်ရှင်း ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းကွဲလေသောအခါ ဝိရောဓိများက ပို၍များလာသည်။ တစ်ဖက်နှင့်တစ်ဖက် ထောက်ခံသူအချင်းချင်း ကွဲကြပြဲကြသည်။ မခေါ်နိုင်၊ မပြောနိုင်ဖြစ်ကြသည်။ သူ့လူကိုယ့်လူ၊ သူ့ဘက်ကိုယ့်ဘက် သံသယစိတ်အမြင်များကြောင့် မိတ်ဆွေအချင်းချင်း၊ ဆွေမျိုးသားချင်းအချင်းချင်းကြား မေတ္တာများ ပျက်ကြရသည်။ ယုတ်စွအဆုံး မိဘမောင်ဖွား မိသားစုအချင်းချင်းပင် မျက်နှာချင်းဆိုင် ထမင်းလက်ဆုံ မစားနိုင်လောက်အောင် စိတ်ဝမ်းများ ကွဲကြသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တစ်ကျော့ပြန် ပြန်လည်ကျင်းပခဲ့သော ပြီးခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲများနှင့် ထိုရွေးကောက်ပွဲရလဒ်များအရ ပေါ်ပေါက်လာခဲ့သော အစိုးရသက်တမ်းနှစ်ဆက်ကာလတွင်လည်း မြန်မာတို့၏ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ အစွဲအလမ်းများက လျော့နည်းမသွားခဲ့ပါချေ။

ရွေးကောက်ပွဲကာလ၊ ကြိုတင်မဲဆွယ်ကြရမည့်ကာလများတွင်သာ ထားရှိရမည့် မိမိ၏ဆန္ဒသဘောထားများကို နိစ္စဓူဝ မိုးလင်းမိုးချုပ်ကိုင်စွဲထားကြသည်။ ငြင်းကြခုံကြသည်။ အမြင်မတူလျှင် လူများစုက လူနည်းစု၏ ဆန္ဒသဘောထားကို ပုတ်ခတ်စော်ကားကြသည်။

အဆိုးရွားဆုံးက နိုင်ငံရေးခံယူချက်များကို နယ်စည်းမခြားဘဲ လူမှုရေး၊ စီးပွားရေးနယ်ပယ်အတွင်းသို့ ဇွတ်အတင်းသွတ်သွင်းလာကြခြင်းဖြစ်သည်။ လူတစ်ဦးချင်း၏ ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအထိ ဆွဲခေါ်ယူလာကြသည်။

ဈေးသည်က စားသုံးသူကို ပရော်ဖက်ရှင်နယ် ပီသစွာ ဆွဲဆောင်ဖိတ်ခေါ် ရောင်းဝယ်ဖောက်ကားကြရမည့်အစား အချို့က နိုင်ငံရေးအကြောင်းသာ တွေးနေသည်။ နိုင်ငံရေး အသွေးအရောင်အပေါ် ခွဲခြမ်းစိတ်ဖြာနေသည်။ ဆိုက်ကားသမားက အချိန်အခါမဟုတ် နွေမိုးဆောင်း ဥတုသုံးလီ ပါတီအလံတလူလူဖြင့် ဝမ်းစာရှာဖွေသည်။ တက္ကစီယာဉ်မောင်း အချို့ကလည်း ပါတီအလံတလူလူဖြင့် လမ်းမအလယ် ရပ်ပြီး ခရီးသည်တင်သည်။

ခေါင်းရွက်ဗျပ်ထိုး၊ လက်လုပ်လက်စား ရွှေမြန်မာအချို့၏ ဈေးကွက်စီးပွားရေးအမြင်က အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လုပ်ထုံးလုပ်နည်းနှင့် သဘောသဘာဝချင်း လားရာမတူ၊ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပါပေ။

ပြည်သူတို့က ဆုံးဖြတ်ကြ

ဒီမိုကရေစီနိုင်ငံကြီးများမှ မဲဆန္ဒရှင်ပြည်သူများမှာမူ သတ်မှတ်ရွေးကောက်ပွဲကာလကို တရားဝင် ထုတ်ပြန်ကြေညာသည်မှ အစပြု၍ သက်ဝင်လှုပ်ရှားကြသည်။ သမ္မတလောင်းများ၊ ကိုယ်စားလှယ်လောင်းများ၏ ဟောပြောဆွေးနွေးမှုများကို စေ့ငုသုံးသပ်ပြီး ပွင့်ပွင့်လင်းလင်း မေးမြန်းပြောဆို တင်ပြကန့်ကွက်ကြသည်၊ လိုလားချက်များကို တောင်းဆိုကြသည်၊ မနှစ်သက် မကျေနပ်သည်များကို ရင်ဖွင့်ကြသည်၊ ကိုယ်စားလှယ်လောင်း ဟောပြောသော ပြည်တွင်း၊ ပြည်ပပေါ်လစီများကိုလည်း ကိုယ်ပိုင်ခံယူချက်နှင့် နှိုင်းယှဉ်ချိန်ထိုးသုံးသပ်ကြသည်၊ မိမိတို့ ရွေးချယ်ကြရမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဘယ်လိုလူစားမျိုးလဲဟူသည်ကအစ တိုင်းတာအကဲဖြတ်ကြသည်။ ပြီးမှ မည်သည့်သမ္မတလောင်း၊ ကိုယ်စားလှယ်လောင်းအား မဲပေးရမည်ကို ပြည်သူတို့က ဆုံးဖြတ်ကြလေသည်။

သမ္မတလောင်းများ၊ ပြည်သူ့ကိုယ်စားလှယ်လောင်းများကလည်း ရွေးကောက်ပွဲအချိန်ကျရောက်ပြီဆိုပါက မဲဆန္ဒနယ်အနှံ့ရှိ လူထုလူတန်းစားအသီးသီးထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်မဲဆွယ်ကြသည်။ မဲဆန္ဒရှင်ပြည်သူများ၏ လိုလားချက်၊ မကျေနပ်ချက်များ၊ ပြောဆိုတင်ပြမှုများကို ကြားနာကာ ရွေးကောက်ပွဲတွင် အနိုင်ရပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့်အကြောင်း စသဖြင့် ကတိကဝတ်များ ပေးတတ်ကြသည်။ မဲဆန္ဒရှင်ပြည်သူများကလည်း ထိုကတိကဝတ်စကားများအတိုင်း လုပ်ဆောင်ခြင်း ရှိ၊ မရှိ၊ ပေးသည့် ကတိတည်၊ မတည် ပထမသက်တမ်းကာလအတွင်း အကဲဖြတ်၍ လာမည့်နောက်တစ်ကြိမ် သက်တမ်းအတွက် ဆုံးဖြတ်ကြလေသည်။

ဒီမိုကရေစီရင့်ကျက်မှုရှိသော နိုင်ငံကြီးများမှ မဲဆန္ဒရှင်များသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲထက် မိမိတို့ အကျိုးစီးပွားနှင့် ရလဒ်အပေါ်သာ အဓိကထား တွက်ချက်စဉ်းစားလေ့ရှိသည်။ ပြောင်းလဲမှုကို လိုလားသည်။ သို့ရာတွင် မပြောင်းလဲပါက ပြောင်းလဲအောင်လုပ်ပြသူကို ပြောင်းလဲထောက်ခံလေ့ရှိကြသည်။ ဤသည်မှာ ဒီမိုကရေစီစနစ်၏ သဘောသဘာဝနှင့် ဒီမိုကရေစီနိုင်ငံရေးဖြစ်သည်။

မြန်မာ့နိုင်ငံရေးလောကတွင်မူ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားထက် ချစ်ခြင်း၊ မုန်းခြင်းတည်းဟူသော အစွဲအလမ်းက အခရာကျနေသည်။ ကိုယ်စားလှယ်လောင်းတစ်ဦး သည်မည်မျှမိုးပျံအောင်တော်နေပါစေ၊ ပညာများ မိုးပျံအောင်တတ်နေပါစေ၊ သူတော်စင်တစ်ဦးလို အကျင့်သီလစာရိတ္တများ ပြည့်ဝနေပါစေ၊ ကိုယ်စွဲလမ်းနှစ်ခြိုက်သည့်ပါတီက ကိုယ်စားလှယ်လောင်းမဟုတ်လျှင် ရွေးကောက်ပွဲတွင် ကျိန်းသေ အပြတ်အသတ် မရှုမလှ ရှုံးနိမ့်ပါလိမ့်မည်။

နိုင်ငံရေးရင့်ကျက်မှုအားနည်း

နိုင်ငံသားတို့ လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံသားတို့၏ အစွဲအလမ်းကြီးမှု၊ အယူသည်းမှုဓလေ့စရိုက်တို့က ဖျက်ဆီးနေလေသည်။ ပါတီစုံဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိရမည့် နိုင်ငံရေးရင့်ကျက်မှုအားနည်းသောကြောင့် ဖြစ်လေသည်။

ပစ္စက္ခမြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင်လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အယူအဆ၊ အစွဲအလမ်းများက ပို၍ဆိုးရွားပြင်းထန်လာသည်။

တက္ကစီအငှားယာဉ်မောင်းတစ်ဦးက လူစည်ကားရာ လမ်းဆုံလမ်းခွတွင် ကားကိုရပ်၊ ခရီးသည်စောင့်ရင်း ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ပေးမည်ဟု သူထင်မှတ်စွဲလမ်းနေသော ကုလသမဂ္ဂပြည်ပတပ်များကို မျှော်နေသည်။ ဈေးအတွင်းရှိ ဆယ်ကျော်သက်အရွယ် ပန်းသည်မလေးက သူ့ဘေးက ကြက်သားသည် အဒေါ်ကြီးကို “သူလျှိုတွေ၊ ဒလန်တွေကို အရင်ရှင်းရမှာ”ဟု ဆိုလေသည်။

ငယ်ငယ်က စားအတူ၊ သွားအတူ ညီအစ်ကိုလိုနေခဲ့ကြသော မိတ်ဆွေသူငယ်ချင်း အချင်းချင်းသည်လည်း ရက်ပိုင်းလပိုင်းအတွင်းမှာပင် ချက်ချင်း လူစိမ်း၊ သူစိမ်းများဖြစ်သွားခဲ့ကြ၏။ ဟိုဘက်လမ်းထိပ်က လူများက ဒီဘက်လမ်းထိပ်က လူများကို၊ ဒီဘက်လမ်းထိပ်က လူများက ဟိုဘက်လမ်းထိပ်က လူများကို၊ ဒီဘက်အိမ်က ဟိုဘက်အိမ်ကို၊ ဟိုဘက်အိမ်က ဒီဘက်အိမ်ကို အခေါ်အပြော အဆက်အဆံ မလုပ်ကြတော့။ ရင်ဘတ်ချင်းမတူလျှင် အချင်းချင်း မျက်လုံးချင်းဆိုင်ရမှာပင် ဝန်လေးလာကြသည်။

ထိုထိုသော အစွဲအလမ်းများကို လူမှုဆက်ဆံရေးပတ်ဝန်းကျင်၌သာမက ပရိယေသန ဝမ်းစာအလို့ငှာ ရှာဖွေလုပ်ကိုင်နေသော လုပ်ငန်းကိစ္စအဝဝဆီသို့ပါ သယ်ဆောင်လာပြီး အမြင်မတူသူအချင်းချင်း အပြန်အလှန်သပိတ်မှောက်နေကြ၍ အခြေခံလူတန်းစားအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအများစုသည် ပျက်စီးလုနီးနီး တုံ့ဆိုင်းဆွံ့အသွားလေသည်။

ထိုသောအခါ ကျွန်တော်သည် လူငယ်ဘဝက ရင်းနှီးကျွမ်းဝင်ခဲ့သော ဓမ္မမိတ်ဆွေ ဘကြီး၏ “ကိုယ့်အယူဟာ ကိုယ့်အပူ၊ ကိုယ့်အစွဲဟာ ကိုယ့်ငရဲ” ဟူသည့် ဓမ္မစကားကို ပြန်လည်ကြားယောင်လာမိပါသည်။

ဘကြီးသည် မြတ်ဗုဒ္ဓ၏ တရားဓမ္မကို စိတ်ပါဝင်စားသူများနှင့် စူးစမ်းလိုသူ ကျွန်တော်တို့ လူငယ်အချို့ကို ကြုံတိုင်းဆုံတိုင်း ပညတ်၊ ပရမတ် တရားများကို ဟောပြောလေ့ရှိသည်။ အမှတ်တကယ်မရှိသော ပညတ်များအပေါ် ဝိပ္ပလ္လာသတရားများ မှောက်မှားဖုံးလွှမ်းမှုကြောင့် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အသက်၊ လိပ်ပြာ၊ ဇီဝဟု မှားယွင်းစွာ အမှတ်မှား၊ အယူမှား၊ အထင်မှားမှုတို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ်တရားများသာ ပွားစီးနေမှု၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်းဟူသော တကယ့်အရှိတရား ပရမတ်ကို သိမြင်ပါက အယူအစွဲမှန်သမျှ လွတ်ကင်း၍ ငြိမ်းအေးချမ်းသာနေမှုတို့ကို သေချာဂဏ ရှင်းပြတတ်လေ၏။

အရွယ်ရောက်၍ ဓမ္မစာပေများကို အခါအားလျော်စွာ လေ့လာဖတ်ရှုတော့ ဒါယကာ၊ ဒါယိကာမတို့နှင့် ဆက်ဆံရေးတွင် ကိုယ်ရောစိတ်ပါ လွတ်လွတ်ခွာကျဉ် ဆက်ဆံတတ်သူ အရှင်မဟာကဿပမထေရ်မြတ်ကြီးကို အားကျကြည်ညိုရပြန်သည်။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ဒါယကာ၊ ဒါယိကာမများထံ ချဉ်းကပ်ရာတွင် နေ့စဉ်အမျှ ဆွမ်းခံရောက်သော်လည်း မထေရ်မြတ်ကြီးအဖို့ အားလုံးအသစ်ချည်းသာဖြစ်၏။ အကျွမ်းတဝင် ခင်မင်ရင်းနှီးထားသော ဒါယကာ၊ ဒါယိကာမ ဟူ၍မရှိပေ။ ငါ့ ဒါယကာ၊ ငါ့ဒါယိကာမဟူ၍ စွဲလမ်းထားခြင်းလည်းမရှိပေ။

သို့အတွက် မြတ်စွာဘုရားရှင်ကပင် ထက်ကောင်းကင်ဝယ် လွတ်လွတ်လပ်လပ်သွားလာ၍နေသော ငွေလမင်းကြီးနှင့် နှိုင်းယှဉ်စံပြု၍ မထေရ်မြတ်ကြီးအား ချီးကျူးတော်မူခဲ့ပေသည်။

မိမိတို့ ပုထုဇဉ်လူသားများအဖို့မူ အယူအစွဲ၊ အစွဲအလမ်းများကား တင်းကျမ်းပြည့်နှက်လျက်။ သို့တစေ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင်မူ မိမိတို့အားလုံး ကိုယ်စီကိုယ်စီ အယူအစွဲ၊ အစွဲအလမ်းများ နည်းနိုင်သမျှ နည်းအောင် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ကြရန်လိုပြီ။

အယူအစွဲ၊ အစွဲအလမ်းများ ကြီးမားသည်နှင့်အမျှ လူမှုဆက်ဆံရေးများ ပျက်ပြားတတ်သည်။ အသက်မွေးဝမ်းကျောင်းအလုပ်များ ပျက်စီးတတ်သည်။ ဘဝနှင့်ချီ၍ အယူအစွဲ၊ အစွဲအလမ်းကြီးလျှင် ကြီးသလို ဘဝပျက်တတ်လေသည်။ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာဟုဆိုသော နိုင်ငံရေးလောကတွင် ကိုယ့်အယူဟာ ကိုယ့်အပူ၊ ကိုယ့်အစွဲဟာ ကိုယ့်ငရဲ ဖြစ်သည်မို့ ---။ ။

ဒီမိုကရေစီနိုင်ငံကြီးများမှ မဲဆန္ဒရှင်ပြည်သူများမှာမူ သတ်မှတ်ရွေးကောက်ပွဲကာလကို တရားဝင်ထုတ်ပြန်ကြေညာသည်မှ အစပြု၍ သက်ဝင်လှုပ်ရှားကြသည်။ သမ္မတလောင်းများ၊ ကိုယ်စားလှယ်လောင်းများ၏ ဟောပြောဆွေးနွေးမှုများကို စေ့ငုသုံးသပ်ပြီး ပွင့်ပွင့်လင်းလင်း မေးမြန်းပြောဆို တင်ပြကန့်ကွက်ကြသည်၊ လိုလားချက်များကို တောင်းဆိုကြသည်၊ မနှစ်သက် မကျေနပ်သည်များကို ရင်ဖွင့်ကြသည်၊ ကိုယ်စားလှယ်လောင်း ဟောပြောသော ပြည်တွင်းပြည်ပပေါ်လစီများကိုလည်း ကိုယ်ပိုင်ခံယူချက်နှင့် နှိုင်းယှဉ်ချိန်ထိုးသုံးသပ်ကြသည်၊ မိမိတို့ ရွေးချယ်ကြရမည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဘယ်လိုလူစားမျိုးလဲဟူသည် ကအစ တိုင်းတာအကဲဖြတ်ကြသည်။ ပြီးမှ မည်သည့်သမ္မတလောင်း၊ ကိုယ်စားလှယ်လောင်းအား မဲပေးရမည်ကို ပြည်သူတို့က ဆုံးဖြတ်ကြ။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

ဘားအံ မေ ၁၅

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၈/၂၀၂၁)ကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ခွဲကပင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်လျက်ရှိသူများဖြစ်ကြကြောင်း၊ နိုင်ငံ၏စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံရမှုများလည်းရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက ညွှန်ကြားချက်များနှင့်အညီ စဉ်းစားသုံးသပ်ဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများရှိလာသည့်အတွက် မည်သူမဆို ခရီးသွားလာမှုကို အတတ်နိုင်ဆုံး ရှောင်ရှားကြစေလိုကြောင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးစီမံချက်ဖြင့် ကျေးရွာထင်းစိုက်ခင်းကို တစ်ရွာလျှင် အနည်းဆုံးနှစ်ဧကမှ တတ်နိုင်သလောက် ယခုနှစ်မှစ၍ စိုက်ပျိုးစေလိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုဖို့လိုကြောင်း၊ လိုအပ်ပါက စောင့်ကြည့်ရေးကင်မရာ CCTV များ တပ်ဆင်ရန် ဖြစ်ကြောင်း၊ မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာရုံးဌာနများတွင်လည်း လိုအပ်ပါက မိုးဦးရာသီတွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

မြို့နယ်အတွင်းရှိ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

မကွေး မေ ၁၅

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် မေ ၁၃ ရက် နံနက် ၉ နာရီခွဲက မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးကို ဌာနဆိုင်ရာများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးမှာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများမှာအဓိကကျကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသောအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦး၊ အဖွဲ့ဝင်(၂)ဦးအောင်ချိန်၊ အဖွဲ့ဝင်(၄)ဦးစိုးပိုင်မြင့်၊ အဖွဲ့ဝင်(၅)ရဲမှူးကြီးလှိုင်တင့်တို့က မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် ချပြရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တိုက်ကြီး ဥတို စိုက်ပျိုးမွေးမြူရေးနှင့် မင်္ဂလာဒုံငါးမွေးမြူရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ဦးအောင်သန်းဦး၊ ဦးဇော်ဝင်း၊ ဦးဌေးအောင်တို့သည်မေ၁၃ ရက် ညနေ ၃ နာရီက တိုက်ကြီးမြို့နယ် ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းနှင့် မင်္ဂလာဒုံငါးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် တိုက်ကြီးမြို့နယ် ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ ဌာနမှူး ဦးစောလင်းက ဥတိုစိုက်ပျိုးမွေးမြူရေးစခန်း၌ ကုန်ထုတ်လုပ်ငန်းများ၊ အပန်းဖြေစခန်းလုပ်ငန်းများ၊ ဥတိုစိုက်ပျိုးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် အဆိုပါစီမံကိန်းမှအလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့်ပတ်သက်၍ ခေတ်မီနည်းပညာများ သင်ကြားပေးနိုင်သည့် သင်တန်းကျောင်းဖွင့်လှစ်ရေးစီမံကိန်းလျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်ရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် တိုက်ကြီးမြို့အိုးတန်းရပ်ကွက်ရှိ ဝက်မွေးမြူရေးခြံ၊ ဥစားကြက်မွေးမြူရေးခြံနှင့် နို့စားနွားမွေးမြူရေးခြံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ထွဋ်နှင့် စခန်းတာဝန်ခံ ဦးရဲထွန်းနိုင်တို့က လော့်ကား၊ လေးထောင့်ကန်၊ တွံတေး ငါးလုပ်ငန်းစခန်းများမှ စုစုပေါင်း ငါးသားပေါက်မျိုးစုံသိန်း ၂၆၀ ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသဘာဝမြစ်ချောင်းအင်းအိုင်များ နှင့် ဆည်ရေလှောင်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြစ်ချောင်းများ၊ အင်းအိုင်များ၊ ဆည်ရေလှောင်တမံများတွင် ငါးမျိုးစိုက်ထည့်မည့် စီမံချက်ပါအတိုင်း အချိန်ဇယားကိုက်ညီအောင် သားဖောက်ခြင်း၊ ပြုစုခြင်းနှင့် သယ်ယူရန် ထုပ်ပိုးခြင်းများကို စနစ်တကျ အလေအလွင့်မရှိအောင် ဆောင်ရွက်ကြရန် မှာကြားပြီး ငါးသားပေါက် မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး
(ပြန် /ဆက်)

ဟံသာဝတီမြို့ဟောင်း သိန္ဒီတံခါးပေါက် မြို့ရိုးတူးဖော်နေမှု ကြည့်ရှုစစ်ဆေး

ပဲခူး မေ ၁၅

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များနှင့်အတူ မေ ၁၄ ရက် နံနက် ၁၀နာရီခွဲက ပဲခူးမြို့ရှိ ဟံသာဝတီမြို့ဟောင်း သိန္ဒီတံခါးပေါက် မြို့ရိုးတူးဖော်နေမှုနှင့် ကျုံးတူးဖော်ပြီးစီးမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဟံသာဝတီမြို့ဟောင်းသည် နှစ်ပေါင်း (၄၅၄) နှစ်သက်တမ်းရှိပြီး စစ်ဘေး စစ်ဒဏ်၊ သဘာဝဘေးဒဏ်၊ စီမံခန့်ခွဲမှုအားနည်းချက်များနှင့် လူတို့၏ ကျူးကျော်ဖျက်ဆီးမှုဒဏ်များကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများမှာ တစ်စတစ်စ ယိုယွင်းပျက်စီးနေပြီ ဖြစ်ကြောင်း၊ ဟံသာဝတီမြို့ဟောင်း ကျုံးများကို ပြန်လည်ဖော်ထုတ်တူးဖော်ခြင်းအားဖြင့် ပြည်သူများ အပန်းဖြေနေရာတစ်ခု ဖန်တီးပေးခြင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား နောင်လာနောက်သားများ တန်ဖိုးထားတတ်စေရန်၊ ရှေးဟောင်းမူရင်းပုံစံများ မပျက်စီးစေရန်လည်း အထူးသတိထားဆောင်ရွက်သွားရန်နှင့် မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးတူးဖော်ပြီးစီးမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

မုံရွာ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၃ ရက် နံနက် ၉ နာရီခွဲက မုံရွာမြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏အကျိုးစီးပွားကို အနီးကပ်တာဝန်ခံ၊ တာဝန်ယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသူများဖြစ်၍ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအားလုံးက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် ယခုအစည်းအဝေးတက်ရောက်လာသူများက အဓိကကျပါကြောင်းနှင့် မိမိတို့ဌာနအလိုက် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် မိရိုးဖလာ၊ သမားရိုးကျနည်းလမ်းများအစား ခေတ်မီသိပ္ပံနည်းစနစ်များဖြင့် ပြုပြင်ပြောင်းလဲကာ၊ တိုင်းပြည်အပေါ်စေတနာထားပြီး လုပ်ကိုင်ခြင်းကို မူဝါဒအဖြစ်ခံယူလျက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ လုပ်ငန်းခွင်၌ တွေ့ကြုံရသည့်အခက်အခဲများ၊ ရှေးဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

အဆင်ပြေသွားမှာပါ

မောင်ရှိန်(ဘောဂဗေဒ)

> **ဘဏ်တွေအနေနဲ့ ပြည်သူတို့ရဲ့ အပ်နှံငွေအမျိုးအစားပေါ်ကြည့်ပြီး နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ချေးငွေတွေ ထုတ်ချေးကြရပါတယ်။ အဲဒီလိုချေးငွေတွေ ထုတ်ချေးရာမှာ ချေးငွေနဲ့ အပ်ငွေအချိုးကို ၈၀ ရာခိုင်နှုန်းထက်ပိုပြီး ထုတ်ချေးမှုမရှိစေရေးအတွက် ဗဟိုဘဏ်မှ ဘဏ်များသို့ ညွှန်ကြားထားပါတယ်။ ဆိုလိုရင်းကတော့ ပြည်သူတို့ရဲ့အပ်ငွေ ၁၀၀ ကျပ်ရှိရင် ၈၀ ကျပ်ထက် ပိုမချေးဖို့ပါ။ကျန် ၂၀ ကျပ်ကို Customer တွေက အသုံးလိုတဲ့အခါ ထုတ်ပေးနိုင်အောင် အရန်သင့်ထားရှိကြရပါတယ်။ ဒါက ယေဘုယျသဘောပါ။ ဒီလိုအခြေအနေမျိုးမှာ Customer တွေအနေနဲ့ မိမိတို့အပ်ငွေအကုန်လုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စုပြုံထုတ်ရင် ဘယ်နိုင်ငံ၊ ဘယ်ဘဏ်မှ အချိန်တိုအတောအတွင်း ပြန်လည်ထုတ်ပေးနိုင်မှာ မဟုတ်ပါဘူး။**

တပ်မတော်အနေနဲ့ မလွှဲမရှောင်သာတဲ့အခြေအနေတွေကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို (၁-၂-၂၀၂၁) ရက်နေ့တွင် လွှဲပြောင်းရယူထိန်းသိမ်းခဲ့ရပြီးနောက်ပိုင်း ဘဏ်တွေအပေါ် ပြည်သူလူထုယုံကြည်မှုပျက်ပြားစေရန် ရည်ရွယ်ချက်နဲ့ မသမာသူအချို့ရဲ့ထုတ်လွှင့်မှုကြောင့် ဘဏ်တွေနဲ့ပတ်သက်လို့ ကောလာဟလသတင်းတွေ ပြင်ပတွင် ထွက်ပေါ်ခဲ့ပါတယ်။ “ကျပ် ၅၀၀၀/-တန်၊ ကျပ် ၁၀၀၀၀/- တန်များ ရုပ်သိမ်းတော့မည်၊ ဘဏ်များပိတ်သိမ်းတော့မည်၊ ဘဏ်အချို့ကို အရေးယူပိတ်သိမ်းတော့မည်၊ ဘဏ်တွေ ဒေဝါလီခံတော့မည်” စသည်ဖြင့် သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ အဆိုပါ ကောလာဟလသတင်းတွေကြောင့် ပြည်သူအချို့အနေနဲ့ စိုးရိမ်ပူပန်ပြီး ဘဏ်တွေမှ ငွေကြေးတွေကို လိုသည်ထက် ပိုမိုထုတ်ယူခြင်း၊ ဘဏ်တွေသို့အပ်နှံမယ့် ငွေကြေးတွေကို ဆိုင်းငံ့ထားခြင်း၊ ငွေကြေးများကို သိုလှောင်သိမ်းဆည်းထားခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေအားလုံး စနစ်တကျလုပ်ငန်းတွေ ဆောင်ရွက်ရန် အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီးဘဏ်တွေအားလုံး သတ်မှတ်ချက်တွေနဲ့အညီ ခိုင်မာစွာဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအနေနဲ့ စိုးရိမ်ပူပန်မှုမရှိဘဲ ဘဏ်တွေအပေါ် စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုတွေကို ပုံမှန်ရယူသုံးစွဲနိုင်ကြပါကြောင်း သတင်းထုတ်ပြန်ထားတာကို တွေ့ရှိရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း နိုင်ငံတော်မှ တရားဝင်ထုတ်ဝေထားသော ကျပ် ၅၀၀၀/- တန်နှင့် ကျပ် ၁၀၀၀၀/-တန် ငွေစက္ကူများအား တရားမဝင် သတ်မှတ်ပြီး ပြန်လည်သိမ်းဆည်းမည်ဆိုသည့် ထွက်ပေါ်နေသောသတင်းသည် အခြေအမြစ်မရှိသောသတင်းသာ ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(င) တွင် **“နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု”**ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်သူလူထုအနေဖြင့် ပြင်ပ၌ဖြစ်ပေါ်နေသော ကောလာဟလသတင်းများအား ယုံကြည်မှုမရှိဘဲ ကျပ် ၅၀၀၀/-တန်နှင့် ကျပ် ၁၀၀၀၀/-တန် ငွေစက္ကူများအား စိတ်ချယုံကြည်စွာ ဆက်လက်သုံးစွဲနိုင်ပါကြောင်း ထပ်မံအသိပေးကြေညာခဲ့ပါတယ်။

ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြု

လက်ရှိအခြေအနေမှာ ပြည်သူတွေအနေနဲ့ လက်ဝယ်ရှိ ငွေသားများလုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်၍ ငွေသားအပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်များက ဗဟိုဘဏ်မှာ မြန်မာကျပ်ငွေနဲ့ ထားရှိရမယ့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်ကို အပ်ငွေစုစုပေါင်းရဲ့ ၃ ဒသမ ၅ ရာခိုင်နှုန်းထားရှိရန် ယခင်က သတ်မှတ်ခဲ့ရာမှ ငွေကြေးလွယ်ကူမှုကို အထောက်အကူဖြစ်စေရန်အတွက် သုံးရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်ပေးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

လက်ရှိအခြေအနေမှာ ပြည်သူတွေအနေနဲ့ မိမိတို့ထုတ်ချင်သလောက် ငွေကြေးကို ထုတ်ရန်အခက်အခဲများ ဖြစ်ပေါ်နေတာ၊ ဘဏ်တွေနဲ့ Customer တွေအကြား အဆင်မပြေမှုလေးတွေ ဖြစ်ပေါ်နေတာကို မြင်တွေ့နေရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘဏ်လုပ်ငန်းသဘောသဘာဝကို သိရှိခြင်းဖြင့် ဘဏ်တွေအပေါ် ပိုမိုနားလည်မှုပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဘဏ်ဆိုတာ အဓိကအားဖြင့် အပ်ငွေလက်ခံတာနဲ့ ချေးငွေထုတ်ချေးတာကို ဆောင်ရွက်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဘဏ်ရဲ့ဝန်ဆောင်မှုအမျိုးမျိုးရှိသော်လည်း ဒါကအဓိကလုပ်ဆောင်ချက်ပဲဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ အပ်နှံငွေအပေါ် အမှီပြုပြီး လုပ်ကိုင်ဆောင်ရွက်နေရတဲ့ အဖွဲ့အစည်းဖြစ်လို့ ပြည်သူတို့ရဲ့အပ်နှံငွေဟာ အထူးအရေးပါလှပါတယ်။ ပြည်သူတွေအနေနဲ့ ဘဏ်တွေထံ ငွေများ အပ်နှံကြရာမှာ ရည်ရွယ်ချက်အမျိုးမျိုး ရှိကြပါတယ်။ အတိုးရရှိရန်၊ မီတာခ၊ တယ်လီဖုန်းဘီလ် စတဲ့အခွန်အခများပေးချေရန်၊ ဈေးဝယ်ရာမှာ အဆင်ပြေစေရန်၊ အရောင်းအဝယ်၊ ငွေပေးငွေယူကိစ္စတွေအတွက် ငွေပေးချေရာမှာ လွယ်ကူလျင်မြန်လုံခြုံမှုရှိစေရန် စတဲ့ ရည်ရွယ်ချက်အသီးသီး ရှိကြပါတယ်။

၈၀ ရာခိုင်နှုန်းထက်ပိုပြီး ထုတ်ချေးမှုမရှိ

ဘဏ်တွေအနေနဲ့ ပြည်သူတို့ရဲ့ အပ်နှံငွေအမျိုးအစားပေါ်ကြည့်ပြီး နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ချေးငွေတွေ ထုတ်ချေးကြရပါတယ်။ အဲဒီလိုချေးငွေတွေ ထုတ်ချေးရာမှာ ချေးငွေနဲ့ အပ်ငွေအချိုးကို ၈၀ ရာခိုင်နှုန်းထက်ပိုပြီး ထုတ်ချေးမှုမရှိစေရေးအတွက် ဗဟိုဘဏ်မှ ဘဏ်များသို့ ညွှန်ကြားထားပါတယ်။ ဆိုလိုရင်းကတော့ ပြည်သူတို့ရဲ့ အပ်ငွေ ၁၀၀ ကျပ်ရှိရင် ၈၀ ကျပ်ထက် ပိုမချေးဖို့ပါ။ ကျန် ၂၀ ကျပ်ကို Customer တွေက အသုံးလိုတဲ့အခါ ထုတ်ပေးနိုင်အောင် အရန်သင့်ထားရှိကြရပါတယ်။ ဒါက ယေဘုယျသဘောပါ။ ဒီလိုအခြေအနေမျိုးမှာ Customer တွေအနေနဲ့ မိမိတို့အပ်ငွေအကုန်လုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စုပြုံထုတ်ရင် ဘယ်နိုင်ငံ၊ ဘယ်ဘဏ်မှ အချိန်တိုအတောအတွင်း ပြန်လည်ထုတ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ၂၀၀၃ ခုနှစ်တုန်းကလည်း အလားတူဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ဖူးပါတယ်။ ပြည်သူတွေအနေနဲ့ အတိုးပိုမိုရရှိတဲ့ အထွေထွေအကျိုးဆောင်လုပ်ငန်းများ (General Services Enterprises) မှာ ငွေများအပ်နှံရာမှ ၂၀၀၃ ခုနှစ်နှစ်ဦးပိုင်းမှစ၍ ယင်းအကျိုးဆောင်လုပ်ငန်းတွေဟာ အရင်း၊ အတိုးပြန်လည်ထုတ်ပေးဖို့ ခက်ခဲပြီး ငွေရေးကြေးရေးအခက်အခဲ ကြုံတွေ့လာတဲ့အခါ လုပ်ငန်းများ ပိတ်ခြင်း၊ အရင်း၊ အတိုးပေးချေမှုများအား ရက်ရွှေ့ဆိုင်းခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်း၊ ထုတ်ပေးငွေများလျှော့ချခြင်းများ ပြုလုပ်လာခဲ့ကြပါတယ်။

ငွေကြေးပြတ်လပ်မှု ဖြစ်ပေါ်

ပြည်သူတွေအနေနဲ့ ဘဏ်တွေနဲ့ အထွေထွေအကျိုးဆောင်လုပ်ငန်းတွေ သဘောသဘာဝမတူညီတာကို နားလည်သဘောပေါက်ခြင်းမရှိဘဲ ဘဏ်ကဲ့သို့ပင်ယူဆပြီး ယင်းသို့သော ဖြစ်ရပ်မျိုး ဘဏ်များတွင်လည်း ဖြစ်နိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကာ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလဆန်းမှစတင်၍ ပုဂ္ဂလိကဘဏ်တွေမှာ ငွေအပ်နှံထားသူ အများအပြားဟာ မိမိတို့ရဲ့အပ်နှံငွေတွေကို ပြန်လည်ထုတ်ယူလာခဲ့ကြတဲ့အတွက် ငွေကြေးပြတ်လပ်မှု (Liquidity Shortage) ဖြစ်ပေါ်လာခဲ့ပါတယ်။

ယင်းကဲ့သို့ ငွေကြေးပြတ်လပ်မှုဟာ မြန်မာနိုင်ငံရှိ ငွေရေးကြေးရေးအဖွဲ့အစည်းတွေအားလုံးမှာ ဖြစ်ပေါ်ခဲ့ခြင်းမျိုး မဟုတ်ပါဘူး။ နိုင်ငံပိုင်ဘဏ်တွေမှာ ငွေကြေးပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကဘဏ်တွေအနက် ဘဏ်ကြီး ခြောက်ဘဏ်ဖြစ်တဲ့ အာရှဝဏ္ဏဘဏ်၊ ရိုးမဘဏ်၊ မြန်မာမေဖလားဝါးဘဏ်၊ မြန်မာယူနီဗာဆယ်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နဲ့ ကမ္ဘောဇဘဏ်တို့တွင်သာ အထူးသဖြင့် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါပုဂ္ဂလိကဘဏ်ကြီး ခြောက်ဘဏ်မှာ အပ်ငွေပမာဏ များပြားစွာရှိပြီး ငွေအများအပြား ပြန်လည်ထုတ်ယူမှုများကြောင့် ငွေကြေးပြတ်လပ်မှုတွေ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျန်ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့မှာ ငွေကြေးပြတ်လပ်မှုကို အထိုက်အလျောက် ကြုံတွေ့ခဲ့ရပေမယ့် ငွေအပ်နှံသူတွေရဲ့ယုံကြည်မှုကို ထိန်းသိမ်းနိုင်ခဲ့တဲ့အတွက် ဖြစ်ပေါ်လာတဲ့အခြေအနေကို အချိန်တိုအတွင်း ကျော်လွှားနိုင်ခဲ့ပါတယ်။

အဲဒီတုန်းက ဘဏ်တွေအခြေအနေပြန်လည်ကောင်းမွန်လာစေဖို့နဲ့ ဖြစ်ပေါ်လာတဲ့အခြေအနေကို အနီးကပ်ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ဖို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးက နာယက၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အတွင်းရေးမှူးအဖြစ်ပါဝင်တဲ့ ဘဏ်များကြီးကြပ်ရေးကော်မတီ (Banks Supervision Committee) ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကဘဏ်တစ်ခုချင်းရဲ့စာရင်းတွေကို စိစစ်နိုင်ဖို့အတွက် ဘဏ်လုပ်ငန်းစိစစ်ရေးအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးပြီး ဘဏ်လုပ်ငန်းတွေကို နေ့စဉ်ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။

ပြည်သူတွေရဲ့ ယုံကြည်မှုပြန်လည်ရရှိလာ

ပုဂ္ဂလိကဘဏ်တွေ တွေ့ကြုံနေရတဲ့ ငွေကြေးပြတ်လပ်မှုကို ကူညီပံ့ပိုးပေးတဲ့အနေနဲ့ နိုင်ငံတကာဗဟိုဘဏ်တွေက ကျင့်သုံးတဲ့ နည်းလမ်းအတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဗဟိုဘဏ်တွေရဲ့ လုပ်ငန်းတာဝန်တစ်ခုဖြစ်တဲ့ နောက်ဆုံးအားထားရာ အရင်းအမြစ် (Lender of Last Resort) အဖြစ် အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ လုံလောက်သောအာမခံယူ၍ ငွေတွေ ထုတ်ချေးခဲ့ပါတယ်။ အစိုးရငွေတိုက်စာချုပ်ကို အာမခံပြုပြီး ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်တွေကို ကျပ် ၅၉ ဒသမ ၉၀ ဘီလီယံထုတ်ချေးခဲ့ပါတယ်။ အဆိုပါ ချေးငွေနဲ့မလုံလောက်လို့ လုံလောက်တဲ့ အာမခံယူ၍ Credit Line ကျပ် ၅၀ ဒသမ ၆၈ ဘီလီယံ ထပ်မံထုတ်ချေးခဲ့ပါတယ်။ သို့ဖြစ်၍ ပုဂ္ဂလိကဘဏ်တွေကို ချေးငွေစုစုပေါင်း ကျပ် ၁၁၀ ဒသမ ၅၈ ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။ ကော်မတီအနေနဲ့ ဘဏ်ကြီး ခြောက်ဘဏ်ကို ချေးငွေစီမံချက်ချမှတ်ပြီး ပြန်လည်ကောက်ခံစေခဲ့ပါတယ်။ ဒါကြောင့် ပုဂ္ဂလိကဘဏ်ကြီး ခြောက်ဘဏ်ရဲ့ (၂၈-၂-၂၀၀၃)ရက်နေ့ရှိ စုစုပေါင်းချေးငွေလက်ကျန် ကျပ် ၃၈၅ ဒသမ ၉၀ ဘီလီယံအနက် (၂၉-၂-၂၀၀၄)ရက်နေ့မှာ ကျပ် ၉၅ ဒသမ ၃၅ ဘီလီယံသာ ကျန်ရှိတော့သဖြင့် စုစုပေါင်းချေးငွေ ၂၉၀ ဒသမ ၅၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ဒသမ ၂၉ ရာခိုင်နှုန်းကို ပြန်လည်ကောက်ခံနိုင်ခဲ့ပါတယ်။ အဆိုပါ ဆောင်ရွက်မှုများကြောင့် ဘဏ်လုပ်ငန်းစနစ်အပေါ် ပြည်သူတွေရဲ့ ယုံကြည်မှုပြန်လည်ရရှိလာပြီး ပုဂ္ဂလိကဘဏ်တွေရဲ့ အခြေအနေမှာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလကုန်မှစ၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပါတယ်။

၂၀၀၃ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းပုဂ္ဂလိကဘဏ်တွေရဲ့ ငွေကြေးအကျပ်အတည်းပြဿနာကို အတော်အချိန်ယူ ဖြေရှင်းဆောင်ရွက်ခဲ့ရပါတယ်။ ဖြစ်ပေါ်လာတဲ့အခြေအနေဟာ ကောလာဟလတွေ ရောပြွမ်းနေတာကြောင့် ငွေအပ်နှံသူအများစုဟာ ပုဂ္ဂလိကဘဏ်တွေအပေါ် ယုံကြည်မှုများစွာ ကျဆင်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ အတိတ်ကာလက ငွေစက္ကူတွေကို တရားဝင်သုံးစွဲနေရာကနေ တရားမဝင်ငွေစက္ကူတွေအဖြစ် ကြေညာခဲ့ဖူးတာကြောင့် ပြည်သူတွေအကြား စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တရားမဝင်ငွေစက္ကူတွေ ကြေညာခြင်းကို လုံးဝလုပ်ဆောင်မှာမဟုတ်ကြောင်း အတိအလင်းကြေညာပြီး ငွေကြေးကဏ္ဍမှာ ယုံကြည်မှုပြန်လည်ရရှိအောင် တည်ဆောက်မှု (Trust Building) ပြုလုပ်ခဲ့ရပါတယ်။ ဤကဲ့သို့ နိုင်ငံတော်အစိုးရက အာမခံဆောင်ရွက်ခဲ့တာပင်လျှင် နှစ်နှစ်၊ သုံးနှစ်ကြာမှ ပုဂ္ဂလိကဘဏ်တွေမှာ ငွေကြေးစီးဆင်းမှု ပြန်လည်တည်ငြိမ်ပြီး ပုံမှန်လည်ပတ်နိုင်တဲ့အခြေအနေကို ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ သို့ ✻

ဒါ့ကြောင့် ရှေ့ကတင်ပြခဲ့သလို Customer တွေအနေနဲ့ မိမိအပ်ထားငွေအားလုံးကို ပြန်ထုတ်နေရင် ဘဏ်တွေအတွက် အခက်အခဲအကျပ်အတည်းဖြစ်စေပါတယ်။ မည်သို့ဖြစ်ပါစေ ဘဏ်တွေအနေနဲ့ Customer တွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းနိုင်ဖို့ ကိုယ့်ရှိတဲ့ငွေတွေထဲကလည်းကောင်း၊ လိုအပ်ရင် ဘဏ်အချင်းချင်းငွေချေးငှားခြင်း (Interbank Borrowing) ဖြင့်လည်းကောင်း၊ နောက်ဆုံးအားထားရာ ဗဟိုဘဏ်ရဲ့ ထောက်ပံ့ကူညီမှုကို ရယူခြင်းဖြင့်လည်းကောင်း ရရှိတာလေးကို မျှတပြီး ထုတ်ပေးကြမှာပါ။ ဘဏ်ဝန်ထမ်းတွေအနေနဲ့ Customer တွေအတွက် အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး၊ အဆင်ပြေဆုံး ကူညီဆောင်ရွက် ဝန်ဆောင်မှုပေးကြမှာပါ။ တစ်ဖက်မှာလည်း ဗဟိုဘဏ်အနေနဲ့ ၎င်းရဲ့အဓိကရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ တာဝန်ရှိနေတဲ့အတွက် ဈေးကွက်အတွင်း ငွေကြေးတွေကို ချိန်ဆပြီး ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်။

❋ စာမျက်နှာ ၁၀ မှ

ဒီကြားထဲ ၂၀၀၅ ခုနှစ်မှာ အာရှဓနဘဏ်နဲ့ မြန်မာမေဖလားဝါးဘဏ်တို့ကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (၁၉၉၀) ပြည့်နှစ်ပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဘဏ်လုပ်ငန်းစည်းကမ်းဖောက်ဖျက်လို့ ဘဏ်လုပ်ငန်းလိုင်စင်ရုပ်သိမ်းတော့လည်း ပြည်သူလူထုရဲ့အပ်နှံငွေတွေ မဆုံးရှုံးရအောင် စာရင်းရှင်းလင်းဖျက်သိမ်းသူ (Liquidator) ခန့်ပြီး စီမံခန့်ခွဲဆောင်ရွက်ခဲ့လို့ ပြည်သူတွေရဲ့ အပ်နှံငွေတွေကို ပြန်လည်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာယူနီဗာဆယ်ဘဏ်ကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (၁၉၉၀) ပြည့်နှစ်ပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့်လည်းကောင်း၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေအရလည်းကောင်း အရေးယူစာရင်းရှင်းလင်းဖျက်သိမ်းတော့လည်း ယခင်ကအတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းသူခန့်အပ်ပြီး ပြည်သူလူထုရဲ့ အပ်နှံငွေတွေ မဆုံးရှုံးရအောင်ဆောင်ရွက်ပေးခဲ့ပါတယ်။ တင်ပြလိုတာက ဘဏ်တွေမှာ အပ်နှံထားတဲ့ ပြည်သူလူထုရဲ့ အပ်နှံငွေတွေ မဆုံးရှုံးရအောင် ဆောင်ရွက်ဖို့ဆိုတာ တက်လာတဲ့ အစိုးရတိုင်းနဲ့ ဗဟိုဘဏ်မှာ တာဝန်ရှိပါတယ်။ အစိုးရနဲ့ ဗဟိုဘဏ်ကလည်း မဖြစ်မနေ တာဝန်ယူကြရပါတယ်။

အကန့်အသတ်တွေရှိ

ယခုအခြေအနေနဲ့ ၂၀၀၃ ခုနှစ် အခြေအနေမတူတာတွေတော့ ရှိပါတယ်။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံပိုင်ဘဏ် လေးဘဏ်၊ ပုဂ္ဂလိကဘဏ်၂၀ သာရှိပေမယ့် အခုအချိန်မှာ နိုင်ငံပိုင်ဘဏ် လေးဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၆ ဘဏ်၊ နိုင်ငံခြားဘဏ် ၂၀နဲ့ ငွေရေးကြေးရေးကုမ္ပဏီ ၂၇ ခု ရှိပါတယ်။ ၂၀၀၃ ခုနှစ်မတိုင်မီက ကာလတိုချေးငွေကိုသာ ထုတ်ချေးခဲ့ပေမယ့် အခုအခါမှာ ကာလတိုချေးငွေသာမက ကာလလတ်နဲ့ ကာလရှည်ချေးငွေများကိုလည်း ထုတ်ချေးထားတာ တွေ့ရပါတယ်။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ ကောင်းနေတဲ့အတွက် ချေးငွေတွေပြန်လည်ကောက်ခံရာမှာ သိပ်အခက်အခဲမရှိပေမယ့် အခုအခြေအနေမှာ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားမှာ စီးပွားရေး တုံ့ဆိုင်း၊ ကျဆင်းနေတဲ့အချိန်ဖြစ်လို့ ချေးငွေတွေကို ကောက်ခံရာမှာ အကန့်အသတ်တွေ ရှိနေပါတယ်။ ၂၀၀၃ ခုနှစ်လောက်မှာ ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖြစ်တဲ့ Core Banking System ကို အခြေခံပြီး Internet Banking၊ Mobile Banking နဲ့ Automatic Teller Machine(ATM) တွေကို သုံးစွဲမှုမရှိသေးပေမယ့် ယခုအခြေအနေမှာတော့ အဆိုပါစနစ်ကို ဘဏ်အတော်များများမှာ တွင်တွင်ကျယ်ကျယ်သုံးစွဲနေပြီ ဖြစ်ပါတယ်။ ဘာပဲပြောပြော ဘဏ်တွေ ပုံမှန်အခြေအနေပြန်ရောက်အောင် အချိန်ယူဆောင်ရွက်သွားရမယ့်အနေအထားဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ စားဝတ်နေရေး သက်သာချောင်လည်မှုရရှိစေဖို့အတွက် ဝန်ထမ်းလစာနှုန်းတွေကို ၁-၄-၂၀၀၆ ရက်နေ့မှစတင်ပြီး ပြင်ဆင်သတ်မှတ်ပေးခဲ့ပါတယ်။ အနိမ့်ဆုံးလစာရဲ့ ငါးဆ၊ အမြင့်ဆုံးလစာရဲ့ ၁၂ ဆ တိုးမြှင့်ပေးခဲ့တဲ့အတွက် တိုင်းပြည်အတွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးပမာဏ တိုးလာခဲ့ပါတယ်။ အဲဒီအချိန်မှာ ငွေစက္ကူတန်ဖိုးအမြင့်ဆုံးက တစ်ထောင်ကျပ်တန်ပဲရှိတာကြောင့် လှည့်လည်သုံးစွဲငွေပမာဏပြည့်မီအောင် တစ်ထောင်ကျပ်တန်တွေကိုသာ အများဆုံးထုတ်နေရတဲ့အတွက် ငွေအကြွေရှားပါးတဲ့ပြဿနာက နောက်ဆက်တွဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒ့ါကြောင့် ဘဏ်တွေကို ငွေစက္ကူအစား Payment Card တွေ အသုံးပြုကြဖို့ ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး နောက်ပိုင်း ဘဏ်လုပ်ငန်းမှာ Credit Card နဲ့ Debit Card တွေကို အသုံးပြုပြီး ငွေကြေးအစားထိုး ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း (Myanmar Bank Association – MBA)ရဲ့ ဦးဆောင်မှုနဲ့ (Myanmar Payment Union–MPU) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါတယ်။

နောက်ပိုင်းမှာ ATM စက်တွေကို သုံးစွဲလာမှုကြောင့် ငွေသားကိုင်တွယ်အသုံးပြုရတဲ့စနစ် (Cash Based System)ကနေ ကတ်အခြေခံစနစ် (Card–based System)၊ ထိုမှတစ်ဆင့် ကတ်အသုံးပြုစရာမလိုတဲ့စနစ် (Card less System) စသဖြင့် အဆင့်ဆင့်ပြောင်းလဲခဲ့သလို ငွေကြေးလွှဲပြောင်းမှု အပေးအယူတွေ (Payment Transaction) ကိစ္စရပ်တွေကိုလည်း ခေတ်မီအောင် ဆောင်ရွက်နိုင်ခဲ့လို့ အချိန်တိုအတောအတွင်း ငွေကြေးကိစ္စရပ်တွေကို လုံခြုံလွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ နောက်ပိုင်း Cash Less System ကို ပိုမိုကျင့်သုံးလာနိုင်တာနဲ့အမျှ ငွေသားကိုင်တွယ်သုံးစွဲမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

နည်းသုံးနည်းနဲ့ တိုင်းတာနိုင်

မြန်မာနိုင်ငံရဲ့ ငွေသားကိုင်တွယ်သုံးစွဲမှုအခြေအနေကို မတင်ပြမီ ပြည်သူတွေအသုံးပြုနေတဲ့ ငွေကြေးနဲ့ ပတ်သက်လို့ ငွေကြေးပမာဏ(Money Supply) အကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ငွေကြေးပမာဏဆိုတာ ငွေကြေးရဲ့ လုပ်ဆောင်ချက်တွေကို ဆောင်ရွက်ပေးနိုင်တဲ့ အရာအားလုံးရဲ့ စုစုပေါင်းအရေအတွက်ကို ခေါ်ပါတယ်။ ခေတ်သစ်စီးပွားရေးစနစ်မှာ ငွေကြေးပမာဏမှာ ယေဘုယျအားဖြင့် လှည့်လည်သုံးစွဲနေသော ငွေကြေး (ငွေစက္ကူနှင့် အကြွေများ) (Currency in Circulation)၊ ဘဏ်အပ်ငွေများ(Bank deposits)၊ ငွေစုလက်မှတ်များ (Saving Certificates)နဲ့အစိုးရငွေတိုက်စာချုပ်များ (Government Treasury Bonds)တွေ ပါဝင်ပါတယ်။ ငွေကြေးပမာဏကို နည်းသုံးနည်းနဲ့ တိုင်းတာနိုင်ပြီး အများအားဖြင့် ဒုတိယနည်းလမ်း(M2) ကို အသုံးပြုကြပါတယ်။ ဒုတိယနည်းလမ်းနဲ့ ငွေကြေးပမာဏကို တိုင်းတာရာမှာ ငွေကြေးပမာဏမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေစက္ကူနဲ့အကြွေတွေ၊ စာရင်းရှင်အပ်ငွေနဲ့ အချိန်းဆိုင်းအပ်ငွေတွေ ပါဝင်ကြပါတယ်။

မြန်မာနိုင်ငံနဲ့ နိုင်ငံအချို့ရဲ့ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း အပ်ငွေလက်ခံသောအဖွဲ့အစည်းများ (ဗဟိုဘဏ်အပါအဝင် ဘဏ်များ)၏ ပြင်ပရှိ လှည့်လည်သုံးစွဲနေသော ငွေကြေး (Currency Outside Depository Corporations) နဲ့ အကျယ်သဘော ငွေကြေးပမာဏ (Broad Money) တို့ရဲ့အချိုးကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်-

Sr. No.	Countries	Currency Outside Depository Corporations to Broad Money(M2) ratio				
		Dec 2016	Dec 2017	Dec 2018	Dec 2019	Dec 2020
1	People Republic of China	2.45	2.43	2.37	2.36	2.59
2	Japan	7.45	7.54	7.64	7.58	7.41
3	Korea, Republic	3.61	3.83	3.85	3.93	4.25
4	Indonesia	10.15	10.82	10.86	10.67	11.02
5	Malaysia	5.32	5.49	5.21	5.39	6.04
6	Thailand	6.98	7.15	7.15	7.30	7.58
7	Philippines	8.21	8.39	9.05	9.34	10.67
8	Brunei Darussalam	7.79	7.53	7.36	6.76	7.63
9	Laos P.D.R	8.32	8.89	8.83	8.92	8.87
10	Myanmar	24.25	21.77	21.55	20.27	21.49

Source: Central Bank of Myanmar, IMF's International Financial Statistics (IFS), 2020 Myanmar Statistical Year Book, Central Statistical Organization (CSO)

ဖော်ပြပါဇယားအရ မြန်မာနိုင်ငံနဲ့ နိုင်ငံအချို့တို့ရဲ့ လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးနဲ့ ငွေကြေးပမာဏတို့ရဲ့အချိုးကို လေ့လာကြည့်ရင် မြန်မာနိုင်ငံအနေနဲ့ ငွေကြေးပမာဏရဲ့ ၂၀ ရာခိုင်နှုန်းဝန်းကျင် လှည့်လည်သုံးစွဲလျက်ရှိပြီး အခြားနိုင်ငံတွေအနေနဲ့ ၁၀ ရာခိုင်နှုန်းအောက်နဲ့ ၁၀ ရာခိုင်နှုန်းဝန်းကျင်သာ သုံးစွဲကြတာကို တွေ့ရတဲ့အတွက် မြန်မာနိုင်ငံရဲ့ ငွေကြေးကိုင်တွယ်သုံးစွဲမှုအချိုးဟာ အခြားနိုင်ငံတွေထက် များပြားနေတာကို တွေ့ရပါတယ်။ ဒ့ါကြောင့် ငွေကြေးသုံးစွဲမှု လျှော့ကျအောင် ဆောင်ရွက်ဖို့ပိုမိုလိုအပ်နေတာကိုစိစစ်တွေ့ရှိရပါတယ်။

ဒ့ါကြောင့် ရှေ့ကတင်ပြခဲ့သလို Customer တွေအနေနဲ့ မိမိအပ်ထားငွေအားလုံးကို ပြန်ထုတ်နေရင်ဘဏ်တွေအတွက် အခက်အခဲအကျပ်အတည်းဖြစ်စေပါတယ်။ မည်သို့ဖြစ်ပါစေ ဘဏ်တွေအနေနဲ့ Customer တွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းနိုင်ဖို့ ကိုယ့်ရှိတဲ့ငွေတွေထဲကလည်းကောင်း၊ လိုအပ်ရင် ဘဏ်အချင်းချင်းငွေချေးငှားခြင်း (Interbank Borrowing) ဖြင့်လည်းကောင်း၊ နောက်ဆုံးအားထားရာ ဗဟိုဘဏ်ရဲ့ ထောက်ပံ့ကူညီမှုကို ရယူခြင်းဖြင့်လည်းကောင်း ရရှိတာလေးကို မျှတပြီးထုတ်ပေးကြမှာပါ။ ဘဏ်ဝန်ထမ်းတွေအနေနဲ့ Customer တွေအတွက် အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး၊ အဆင်ပြေဆုံး ကူညီဆောင်ရွက်ဝန်ဆောင်မှုပေးကြမှာပါ။ တစ်ဖက်မှာလည်း ဗဟိုဘဏ်အနေနဲ့ ၎င်းရဲ့အဓိကရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ တာဝန်ရှိနေတဲ့အတွက် ဈေးကွက်အတွင်း ငွေကြေးတွေကို ချိန်ဆပြီး ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

Customer တွေအနေနဲ့ လိုအပ်လို့ငွေထုတ်တာကို မပြောလိုသော်လည်း မလိုအပ်ဘဲ ငွေတွေကို မထုတ်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ မလိုအပ်ဘဲ ထုတ်ခြင်းကြောင့် လောလောဆယ် ငွေထုတ်ရတဲ့ဒုက္ခကြောင့် အချိန်ကုန်လူပင်ပန်းဖြစ်ရခြင်း၊ အတိုးနစ်နာခြင်း၊ ငွေကြေးလုံခြုံမှုအတွက် ရန်သူမျိုးငါးပါးရဲ့ဘေးဒဏ်ကို စိုးရိမ်ထိတ်လန့်ရခြင်းစတဲ့ နောက်ဆက်တွဲပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့် ရှေ့ကတင်ပြခဲ့သလို အစိုးရနဲ့ ဗဟိုဘဏ်အနေနဲ့ ပြည်သူတွေရဲ့ အပ်ငွေတွေ မဆုံးရှုံးရအောင် ဆောင်ရွက်ပေးခဲ့တဲ့ ဖြစ်ရပ်တွေ၊ အတွေ့အကြုံတွေ ရှိခဲ့ပြီးဖြစ်လို့ ပြည်သူတွေအနေနဲ့ စိတ်အေးအေးထားပြီး မိမိတို့ လိုအပ်သလောက်ငွေကိုသာ ထုတ်ယူကြခြင်း၊ မိမိတို့ရဲ့ ငွေပိုငွေလျှံတွေကို စာရင်းအသစ်ဖွင့်၍ စုဆောင်းခြင်းဖြင့် ဘဏ်လုပ်ငန်းစနစ် အမြန်တည်ငြိမ်လာစေရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် တိုက်တွန်းနှိုးဆော်ရင်း ဘဏ်မှာအပ်နှံထားတဲ့ငွေတွေအတွက် မစိုးရိမ်ကြပါနဲ့၊ အဆင်ပြေသွားမှာပါလို့ နှလုံးစိတ်ဝမ်းငြိမ်းချမ်းဖို့ မေတ္တာစကားပါးလိုက်ပါရစေ။ ။

မှီငြမ်းကိုးကားစာရင်း

၁။ Liquidity Crunch (or) Liquidity Shortage and Bank Management in Myanmar, 2004၊ သုတေသနစာတမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ ကျွန်တော်နှင့် ဘဏ္ဍာရေးပုံရိပ်လွှာ၊ လှထွန်း (စကားဝါမြေ) ၂၀၁၆ခုနှစ်၊ မတ်လ၊ ပထမအကြိမ် ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီ

၃။ 2020 Myanmar Statistical Year Book, Central Statistical Organization (CSO)

၄။ www.cbm.gov.mm

၅။ www.imf.org (IMF's International Financial Statistics – IFS)

ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည့်အစား ဝင်ငွေနည်းပါးသောနိုင်ငံများအား ကာကွယ်ဆေးလှူဒါန်းရန် ချမ်းသာသောနိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

ဂျီနီဗာ မေ ၁၅

ချမ်းသာသောနိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံအတွင်းရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးမည့်အစား ဝင်ငွေနည်းပါးသောနိုင်ငံများအား ကာကွယ်ဆေးလှူဒါန်းစေလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ အက်ဒါနွမ်ဂါဘရီယီဆက်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါချမ်းသာသော နိုင်ငံများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ် COVAX သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လှူဒါန်းစေလိုပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ အက်ဒါနွမ်ဂါဘရီယီဆက်က ပြောကြားခဲ့သည်။

COVAX အစီအစဉ်၏ ကာကွယ်ဆေးဖြန့်ဖြူးပေးရေးဆိုင်ရာ မျှော်မှန်းချက်ပြည့်မီစေရန် ကာကွယ်ဆေးများ လိုအပ်လျက်ရှိနေသေးကြောင်းနှင့် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထွက်ပေါ်လာသည့်အချိန်မှစပြီး ချမ်းသာသောနိုင်ငံများသည် ကာကွယ်ဆေးများကို လိုအပ်သည်ထက် ပိုမိုဝယ်ယူလျက်ရှိကြောင်း ဂါဘရီယီဆက်က ဆိုသည်။

အချို့နိုင်ငံများသည် လူဦးရေများပြားလွန်းသည့်အတွက် အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်းအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံအချို့က ၎င်းတို့၏ အရွယ်မရောက်သေးသော ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့ ကာကွယ်ဆေးထိုးနှံပေးခြင်းအပေါ် နားလည်မှုရှိပါသော်လည်း အစိုးရများအနေဖြင့် ပြန်လည်စဉ်းစားသုံးသပ်ပေးစေလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ အက်ဒါနွမ်ဂါဘရီယီဆက်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည့်အစီအစဉ် ယခုစတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇူလိုင် ၄ ရက်တွင် အရွယ်ရောက်ပြီးသည့်ပြည်သူ ၇၀ ရာခိုင်နှုန်းအား ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ရမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လွန်ခဲ့သောရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

အလားတူ ကနေဒါနိုင်ငံ၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးရန် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မကြာသေးမီက အတည်ပြုခဲ့သည်။ ထို့ပြင် ကနေဒါနိုင်ငံရှိ ခရိုင်များအနက် ဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးထိခိုက်ခံစားရသည့် ခရိုင်တစ်ခုဖြစ်သည့် အယ်ဘာတာ၌ အသက် ၁၂ နှစ်အရွယ်နှင့်အထက်ပြည်သူများအား ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံတွင်လည်း လွန်ခဲ့သောရက်သတ္တပတ်မှစပြီး အသက် ၁၆ နှစ်အရွယ်ပြည်သူများအား ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့သည်။

လက်ရှိအချိန်အထိ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ကာကွယ်ဆေးထိုးနှံပေးမှုအရေအတွက် အများဆုံးဖြစ်ပြီး အိန္ဒိယနိုင်ငံသည် ကာကွယ်ဆေးထိုးနှံပေးမှုအရေအတွက် တတိယအများဆုံး နိုင်ငံဖြစ်သည်။ ဥရောပနိုင်ငံများနှင့် အမေရိကနိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိသော်လည်း အာဖရိကရှိ အချို့နိုင်ငံများ၌ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခြင်းမရှိသေးကြောင်း တွေ့ရှိရသည်။

ကိုးကား- ဘီဘီစီ
ဘာသာပြန်- အောင်ကျော်ကျော်

ဝူဟန်မြို့၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ခြောက်ဦးထက်မနည်းသေဆုံးပြီး ၂၁၈ ဦး ဒဏ်ရာရရှိ

ဝူဟန် မေ ၁၅

တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တွင် ယမန်နေ့ညက လေဆင်နှာမောင်းတိုက်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် လူခြောက်ဦးထက်မနည်း သေဆုံးပြီး ၂၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရသတင်းရင်းမြစ်အရ သိရသည်။

တစ်စက္ကန့်လျှင် ပြင်းအား ၂၃ ဒသမ ၉ မီတာနှုန်းဖြင့် တိုက်ခတ်သည့် အဆိုပါလေဆင်နှာမောင်းသည် ယမန်နေ့ည ဒေသစံတော်ချိန် ၈ နာရီ ၃၉ မိနစ်ခန့်က ကိုင်ဒီယံခရိုင်တွင် တိုက်ခတ်မွှေနှောက်ခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်ရေးနေရာရှိ ပစ္စည်းများကို ထိခိုက်သွားသလို သစ်ပင်အများအပြား ပြိုလဲမှုကိုလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးချက်အရ အဆိုပါ လေဆင်နှာမောင်းကြောင့် လူနေအိမ် ၂၇ လုံး ပြိုလဲမှုဖြစ်ပွားခဲ့ပြီး ၁၃၀ ပျက်စီးခဲ့ကြောင်း သိရသည်။ ထို့အပြင် လေဆင်နှာမောင်းကြောင့် စတုရန်းမီတာ ၈၀၀၀၀ ခန့် ကျယ်ဝန်းသည့် ဆောက်လုပ်ရေးနေရာရှိ ဝန်ချီစက်(ကရိန်း)နှစ်ခုထိခိုက် ပျက်စီးသွားကြောင်း သိရသည်။

ထို့အပြင် ဓာတ်တိုင်များပြိုလဲမှုများဖြစ်ပွားပြီး ဝူဟန်မြို့ရှိ အိမ်ထောင်စု ၂၆၆၀၀ စုကိုလည်း ထိခိုက်သွားသည်။ သို့သော်ဒေသဆိုင်ရာအစိုးရသည် လျှပ်စစ်ဌာနမှ ဝန်ထမ်းများကို အခင်းဖြစ်ပွားသည့်နေရာသို့ စေလွှတ်ထားပြီး လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဝူဟန်ဒေသန္တရအစိုးရသည် လေဆင်နှာမောင်း ဒဏ်သင့်ပြည်သူများအား ကယ်တင်ရန်၊ ပျောက်ဆုံးသူများအား ရှာဖွေရန်နှင့် သောက်သုံးရေနှင့် လျှပ်စစ်မီးထိခိုက်ပျက်စီးမှုများပြုပြင်ရန် အတတ်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဒေသဆိုင်ရာအစိုးရသည် အစိုးရရုံးများဘေးကင်းလုံခြုံမှု၊ ဒေသတွင်းရှိလူနေအိမ်အဟောင်းများ၊ ကျေးလက်ဒေသများရှိ ယိုယွင်းပျက်စီးနေသောအဆောက်အအုံများအား စစ်ဆေးရန် တာဝန်ရှိသူများကို စေလွှတ်ထားကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံအရှေ့ဘက် ဂျန်ဆူးပြည်နယ်၊ ဆူကြို့မြို့တွင်လည်း အလားတူလေဆင်နှာမောင်း တိုက်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ ကျန်နှစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဆူကြို့မြို့ရှိ ရှန်ဇဲမြို့နယ်တွင် လျှပ်စစ်မီး ပြတ်တောက်မှုများနှင့် လူနေအိမ်အများအပြား ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ ဘာသာပြန် - ဂျေတီ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၆၀၀၀ ကျော်ရှိလာ

နယူးဒေလီ မေ ၁၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၉၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၆၆၂၀၇ ဦးအထိရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၆၀၉၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၄၃၇၂၉၀၇ ဦးအထိ ရှိလာကြောင်းလည်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၀၄၃၂၈၉၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၆၇၃၈၀၂ ဦးကျန်ရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ မရှိ သွေးနမူနာစစ်ဆေးပြီးသူစုစုပေါင်း ၃၁၃၀၁၇၁၉၃ ရှိသွားပြီဖြစ်ကြောင်းနှင့် ယင်းအရေအတွက်အနက်မှ ၁၆၉၃၀၉၃ ဦးမှာ မေ ၁၄ ရက်တစ်ရက်တည်းမှာပင် စစ်ဆေးခဲ့သူများဖြစ်ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူစုစုပေါင်း ၁၈၀၄၅၇၅၇၉ ဦးအထိရှိသွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကိုမူ မေ ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပြတ်တောက်မှုတချို့ရှိခဲ့ခြင်းကြောင့် နေရာအများစုတွင် အဆိုပါအသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မလုပ်ဆောင်နိုင်သေးကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

အစ္စရေး-ပါလက်စတိုင်းအကြမ်းဖက်မှု အနောက်ဘက်ကမ်းအထိ ပျံ့နှံ့လာ

ဂျေရုဆလင် မေ ၁၅

အစ္စရေး-ပါလက်စတိုင်း အကြမ်းဖက်မှုသည် အနောက်ဘက်ကမ်းအထိ ပျံ့နှံ့လာခဲ့ပြီး အဆိုပါ အကြမ်းဖက်မှုဖြစ်စဉ် အရှိန်မြင့်တက်လျက်ရှိစဉ်တွင် အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ပါလက်စတိုင်းနိုင်ငံသား ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အစ္စရေးစစ်ဘက်၏လေကြောင်းမှ တိုက်ခိုက်မှုနှင့် အစ္စလာမ္မစ်ဝါဒီ ဟားမားစ်အုပ်စု၏ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုတို့ကြောင့် ဂါဇာကမ်းမြှောင်ဒေသတွင် လူ ၁၂၂ ဦး သေဆုံးခဲ့ပြီး အစ္စရေး၌ ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အစ္စရေး-ပါလက်စတိုင်း အကြမ်းဖက်မှုသည် ရာမယ်လာနှင့် ဘတ်လီဟမ်အပါအဝင် အနောက်ဘက်ကမ်း ဒေသရှိ မြို့များသို့ ပျံ့နှံ့လာလျက်ရှိကြောင်း သိရသည်။ အစ္စရေးစစ်ဘက်အနေဖြင့် ဝေဟင်နှင့် မြေပြင် တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်ရန် စီစဉ်နေပြီး ဂါဇာကမ်းမြှောင်ဒေသသို့ မြေပြင်ကျူးကျော်ဝင်ရောက်မှုများ လုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။ ဟားမားစ်တို့ကလည်း ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် ပြန်လည်တုံ့ပြန်လျက်ရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၁၃ သန်းကျော်ရှိလာ

မနီလာ မေ ၁၅

ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၇၃၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၃၈၁၈၇ ဦးအထိရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၉၀၅၁ ဦးအထိ မြင့်တက်လာကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၀၆၂၄၂၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၅၆၇၀၉ ဦးရှိကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနောက်ပိုင်းမှစတင်ကာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးပြီးသူ ၁၁ ဒသမ ၇ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

ဘရာဇီးနိုင်ငံက အိုလံပစ်အားကစားသမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

ရီယိုဒီဂျနေးရိုး မေ ၁၅

ဂျပန်နိုင်ငံ၌ ကျင်းပမည့် တိုကျို အိုလံပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဘရာဇီးနိုင်ငံမှ အိုလံပစ်ပြိုင်ပွဲဝင်မည့် အားကစားသမားများ၊ နည်းပြများနှင့် သတင်းထောက်များအား တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် အမေရိကန် ဆေးဝါးကုမ္ပဏီထုတ် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မေ ၁၄ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

စီစဉ်လျက်ရှိ

ဘရာဇီးနိုင်ငံသည် ရီယိုဒီဂျနေးရိုး၊ ဆော်ပေါ်လို၊ ဖော်တာလီဇာ၊ ပေါ်တိုအလီဂရီ၊ ဘရာဆီးလီးယားနှင့် ဘီလိုဟော်ရီဇုန်တီ စသည့် မြို့ခြောက်မြို့တွင် ကာကွယ်ဆေးထိုးနှံပေးမှု အပါအဝင် အိုလံပစ်ပြိုင်ပွဲနှင့် ပါရာလံပစ်အားကစားပြိုင်ပွဲများနှင့် ဆက်စပ်ပတ်သက်မှုရှိသည့် အားကစားသမားများ၊ နည်းပြများနှင့် သတင်းထောက်များ စုစုပေါင်း ၁၈၀၀ ခန့်အား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရေကူးအားကစားသမား အနာမာစီလာကွန်ဟာသည် ရီယိုဒီဂျနေးရိုး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးထိုးနှံမှုခံယူခဲ့သည့် အားကစားသမားဖြစ်ကြောင်း သိရသည်။

ထုတ်ပြန်ကြေညာမည်

ဘရာဇီးနိုင်ငံအပြင် အခြားသောနိုင်ငံများဖြစ်ကြသည့် ဂျာမနီ၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်၊ နယ်သာလန်၊ ဟန်ဂေရီ၊ ဗြိတိန်၊ အစ္စရေး၊ လစ်သူရေးနီးယား၊ မက္ကဆီကိုနှင့် နယူးဇီလန်နိုင်ငံတို့ကလည်း အိုလံပစ်ပြိုင်ပွဲဝင်မည့် အားကစားသမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှု အစီအစဉ်များကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်းလည်း သိရသည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် တစ်နှစ်ကြာ ရပ်ဆိုင်းခဲ့ရပြီးနောက် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိတွင် ဘရာဇီးနိုင်ငံမှ အားကစားသမား ၂၀၀ ကျော်သည် အိုလံပစ် အားကစားပြိုင်ပွဲအတွက် ဝင်ရောက်ကစားခွင့်ရရှိထားပြီး အားကစားသမား ၃၀၀ အထိ မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

❑

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၇၂၃ ဦး ထပ်မံတွေ့ရှိ

တီဟီရန် မေ ၁၅

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၇၂၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၇၃၉၈၇၅ ဦး ရှိလာပြီဖြစ်သည်။

သေဆုံးသူ ၇၆၆၃၃ ဦးရှိ

အလားတူ အဆိုပါရောဂါကြောင့် လူနာ ၂၀၀ ထပ်မံသေဆုံးရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၇၆၆၃၃ ဦး ရှိလာပြီဖြစ်ကြောင်း အီရန်ကျန်းမာရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီမာဆာဒက်လာရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သို့သော် လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၂၁၀၈၅၁ ဦး ရှိပြီဖြစ်သော်လည်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၅၃၉၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှု ခံယူနေရသည်။

နိုင်ငံတစ်ဝန်း၌ ပြည်သူ ၁၇၈၈၂၄၆၁ ဦးအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။

ပထမအကြိမ်ထိုးနှံမှုခံယူပြီး

လက်ရှိအချိန်အထိ ပြည်သူ ၁၇၅၆၀၉၅ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ယင်းတို့အနက် ၃၅၂၆၂၆ ဦးသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ လျော့ကျစေရန် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများအား တိကျစွာလိုက်နာကြရန် ပြည်သူများအား အီရန်သမ္မတ ဟာဆန်ရိုဟာနီက တိုက်တွန်းပြောကြားခဲ့သည်။

အီရန်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

○

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄ ဒသမ ၆၇ သန်းကျော်ရှိလာ

အဒစ်အာဘာဘာ မေ ၁၅

အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၇၇၇၉၈ ဦး ရှိလာပြီဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၅၈၉၀ ရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၃၂၉၇၄ ဦးရှိကြောင်း သိရသည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ဆိုးရွားစွာ ထိခိုက်ခံစားရသည့် နိုင်ငံများဖြစ်သည်။

အာဖရိကတောင်ပိုင်း၊ အာဖရိကမြောက်ပိုင်းနှင့် အာဖရိကအရှေ့ပိုင်းတို့သည် ကိုဗစ်-၁၉ ရောဂါ ဆိုးရွားစွာ ထိခိုက်ခံစားရသည့် ဒေသများဖြစ်သော်လည်း အာဖရိကအလယ်ပိုင်းဒေသသည် ရောဂါကူးစက်မှု အနည်းငယ်သာရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၀၈၃၉၃ ဦးရှိပြီး အာဖရိကတိုက်၌ ရောဂါကူးစက်မှုအရေအတွက် အများဆုံးနိုင်ငံဖြစ်သည်။

မော်ရိုကိုနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၄၇၀၅ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ	
ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ	၁၆၂၆၆၃၅၂ ဦး
သေဆုံးသူ	၃၃၇၄၅၇၄ ဦး
ပြန်လည်ကျန်းမာလာသူ	၁၄၀၅၉၈၉၆၀ ဦး

ဝိုင်းမော်မြို့နယ်၌ ငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၅

ဝိုင်းမော်မြို့နယ်၌ ငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် ညနေ ၄ နာရီတွင် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-မြစ်ကြီးနားသွားကားလမ်း ရွှေညောင်ပင်ကျေးရွာအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ထွယ်လီနှင့် အောင်ဒီးမိုင်တို့ စီးနင်းလာသည့် ဆိုင်ကယ်နှင့် ဇော်အိန်မောင်းနှင်ပြီး မရစ်လယမ် လိုက်ပါလာသည့် ယာဉ်တို့ကို ရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၆၀ တန်ဖိုးရှိ ဘိန်းဖြူ ၃ ဒသမ ၈ ကီလို သိမ်းဆည်း ရမိခဲ့ကြောင်း စစ်ဆေး ပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်မှ ကချင်ပြည်နယ် ဖားကန့်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ထွယ်လီ၊ အောင်ဒီးမိုင်၊ ဇော်အိန်နှင့် မရစ်လယမ်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မြို့နယ်အချို့၌ ဆူပူဆန္ဒပြသူများအား လူစုခွဲရှင်းလင်းခဲ့ပြီး ပါဝင်သူအချို့ကို ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

မြို့နယ်အချို့၌ ဆူပူဆန္ဒပြသူများအား လူစုခွဲရှင်းလင်းခဲ့ပြီး ပါဝင်သူအချို့အား ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့၌ ဆူပူဆန္ဒပြရာတွင် ပါဝင်သူများအား ဖမ်းဆီးရမိစဉ်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် အနောက်မြို့ပတ်လမ်းနှင့် ရတနာသီရိလမ်းသွယ် (၄)၌ ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူဆန္ဒပြသူအင်အား ၄၀ ခန့် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါအခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူဆန္ဒပြရာတွင် ပါဝင်သူ ကျော်ကျော်လင်း(ခ) အငယ်ကောင် (၂၄)နှစ် (ဘ)ဦးကြည်စိုးပါ အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၉ နာရီ ၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက် မိုးကောင်းကားမှတ်တိုင်အနီး၌ ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူဆန္ဒပြသူအင်အား ၂၀ ခန့် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး အဆိုပါကားမှတ်တိုင်အနီးမှ ဆူပူဆန္ဒပြရာတွင်ပါဝင်သူ လှိုင်သာယာမြို့နယ် အမှတ် (၂၃)ရပ်ကွက်နေ ကျော်သူရ(၂၆)နှစ်(ဘ)ဦးလှမြင့်ပါ ၁၁ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရွှေဘိုမြို့ စည်ပင်သာယာမြို့မဈေးကြီးအား မသမာသူများက မီးရှို့ခဲ့ကြသဖြင့် ဆိုင်ခန်းပေါင်း ၉၀၉ ခန်း မီးလောင်ဆုံးရှုံး

ရွှေဘို မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့ စည်ပင်သာယာမြို့မဈေးကြီးတွင် မသမာသူများက မီးရှို့ခဲ့ကြသဖြင့် မေ ၁၅ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်အတွင်းမှ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်းမြို့နယ်၊ ဝက်လက်မြို့နယ် နယ်မြေခံမီးသတ်စခန်းတို့မှ ရေသယ်ယာဉ် ၁၁ စီး၊ မီးငြှိမ်းသတ်ယာဉ် ၁၇ စီး၊ မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၈၀ တို့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပြည်သူများ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ကြသဖြင့် နံနက် ၅ ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် စည်ပင်သာယာမြို့မဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၁၅၉၁ ခန်းရှိသည့်အနက် ၉၀၉ ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အများပြည်သူပိုင်နေအိမ်အဆောက်အအုံများကို မီးပုလင်း၊ မီးကွင်းများဖြင့် မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၁၅

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အများပြည်သူပိုင် နေအိမ်အဆောက်အအုံများအား မီးပုလင်း၊ မီးကွင်းများဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ခဲ့ရာ မေ ၁၄ ရက် နံနက် ၁ နာရီတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လောင်းရှည်မြို့ ၄က်ပြာကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ဆရာ ဆရာမများ နေထိုင်သည့် နေအိမ်နှစ်လုံးကို လည်းကောင်း၊ မေ ၁၄ ရက် ည ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တောဂျင်ကျေးရွာရှိ ယာယီပိတ်သိမ်းထားရှိသော ရေဦး-တန့်ဆည်-ကလေးဝသွားကားလမ်း နတ်စင်တောင်(မဟာမြိုင်) စုပေါင်းစစ်ဆေးရေးဂိတ်ကို လည်းကောင်း အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် နံနက် ၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ (၁)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူး ဦးကျော်ဦး၏ နေအိမ်နှင့် နံနက် ၁ နာရီ မိနစ် ၅၀ က မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်၏ နေအိမ်တို့ကို အကြမ်းဖက်သူလူတစ်စုက မီးစာတပ်ထားသော မီးပုလင်းများ၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခဲ့သော်လည်း မီးလောင်ကျွမ်းမှုနှင့် ပေါက်ကွဲမှုမရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ မီးရှို့ခဲ့သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဆေးလိပ်ဖြတ်ကြစို့

ဒေါက်တာသိန်းထွန်း
(ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း)

ဆေးလိပ်အန္တရာယ်

စီးကရက်တစ်လိပ်သောက်တိုင်း လူ့သက်တမ်းသည် ခုနစ်မိနစ်မှ ၁၁ မိနစ်အထိ ယုတ်လျော့သွားပါသည်။ ပုံမှန်ဆေးလိပ်သောက်သူတစ်ဦးသည် မိမိနေရမည့်သက်တမ်းမှ အနည်းဆုံး ၁၀ နှစ်ခန့်အထိ အသက်တိုနိုင်ပါသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများစွာ ရောဂါရရှိနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကြောင့် နှစ်စဉ် လူပေါင်း ရှစ်သန်းကျော် သေဆုံးလျက်ရှိပြီး မြန်မာနိုင်ငံတွင် နှစ်စဉ် ၆၅၀၀၀ ခန့် သေဆုံးလျက်ရှိပါသည်။ အဆုတ်ကင်ဆာဖြင့် သေဆုံးမှုအားလုံး၏ ၉၀ ရာခိုင်နှုန်းသည်လည်းကောင်း၊ နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါဖြင့် သေဆုံးမှုအားလုံး၏ ၈၀ ရာခိုင်နှုန်းသည် လည်းကောင်း အဓိကအကြောင်းရင်းမှာ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပါသည်။ ဆေးလိပ်မသောက်သူများနှင့် နှိုင်းယှဉ်လျှင် ဆေးလိပ်သောက်သူများမှာ နှလုံးရောဂါဖြစ်ပွားရန် နှစ်ဆမှ လေးဆ၊ လေဖြတ်ရန် နှစ်ဆမှလေးဆ၊ အဆုတ်ကင်ဆာဖြစ်ရန် ၂၅ ဆ၊ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ရန် ၁၂ ဆမှ ၁၃ ဆအထိ ပို၍အန္တရာယ်ရှိပါသည်။ ထို့ပြင် ဆေးလိပ်သောက်သူများမှ ထွက်လာသော ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသဖြင့် ပတ်ဝန်းကျင်ရှိ ဆေးလိပ်မသောက်သူများမှာ နှလုံးသွေးကြောရောဂါ၊ အဆုတ်ကင်ဆာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အလေးချိန်မပြည့်မီသော ကလေးမွေးခြင်း စသောရောဂါများ ဖြစ်ပွားသဖြင့် တစ်ဆင့်ရှူမိသောဆေးလိပ်ငွေ့ကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူပေါင်း ၁ ဒသမ ၂ သန်းခန့် သေဆုံးလျက်ရှိပါသည်။

ဆေးလိပ်ဖြတ်ခြင်း၏ အကျိုးကျေးဇူးများ

ဆေးလိပ်ကို မည်သည့်အချိန်တွင်မဆို ဖြတ်နိုင်ပါက အလွန်နောက်ကျသွားပြီဟု မဆိုနိုင်ပါ။ ဆေးလိပ်ဖြတ်ပြီး နှစ်ပတ်မှ ၁၂ ပတ်တွင် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှုအားကောင်းလာပြီး အဆုတ်၏စွမ်းဆောင်ရည် တိုးတက်လာပါသည်။ တစ်လမှကိုးလအတွင်း ချောင်းဆိုးခြင်း၊ မောပန်းခြင်းတို့ သက်သာလာမည်။ ငါးနှစ်မှ ၁၅ နှစ်အတွင်း လေဖြတ်နိုင်သည့်အန္တရာယ်သည် ဆေးလိပ်မသောက်သူကဲ့သို့ ဖြစ်သွားပေမည်။ ၁၀ နှစ်တွင် အဆုတ်ကင်ဆာဖြစ်နိုင်သည့်အန္တရာယ် ထက်ဝက်ကျဆင်းသွားပြီး ပါးစပ်၊ လည်ချောင်း၊ အစာပြွန်ချောင်း၊ ဆီးအိမ်၊ သားအိမ်ခေါင်း၊ မုံချိုအိတ်များတွင် ဖြစ်ပွားနိုင်သည့် ကင်ဆာရောဂါအန္တရာယ်များလည်း လျော့ကျသွားမည်။ ဆေးလိပ်ဖြတ်ပြီး ၁၅ နှစ် အကြာတွင် နှလုံးသွေးကြောကျဉ်းရောဂါအန္တရာယ်သည် ဆေးလိပ်မသောက်သူကဲ့သို့ ဖြစ်သွားပါလိမ့်မည်။

ဘာကြောင့်ဆေးလိပ်စွဲရသလဲ

စီးကရက်သောက်ပြီး စက္ကန့်ပိုင်း (ခုနစ်စက္ကန့်ခန့်) အတွင်း စီးကရက်တွင်ပါသော နီကိုတင်းဓာတ်သည် ဦးနှောက်သို့ ရောက်ရှိသွားပြီး ဦးနှောက်မှ ဒိုပါမင်း (Dopamine) ခေါ် ဓာတ်ပစ္စည်းတစ်ခု ထုတ်ပေးပါသည်။ ဤကဲ့သို့ ဦးနှောက်သို့ နီကိုတင်းဓာတ် လျင်မြန်စွာရောက်ရှိသွားခြင်းသည် ဆေးလိပ်ကိုစွဲစေသော အရေးပါသည့်အချက်ဖြစ်သည်။ ဒိုပါမင်းသည် လန်းဆန်းစေခြင်း၊ ကျေနပ်နှစ်သိမ့်စေခြင်း၊ တက်ကြွစေခြင်း စသောခံစားမှုမျိုးကို ဖြစ်စေသည်။ နီကိုတင်းဓာတ်သည် သွေးထဲတွင် နာရီအနည်းငယ်သာတည်ရှိပြီး မကြာမီ ပျောက်ကွယ်သွားပါသည်။ ထိုအခါ မိမိခံစားခဲ့ရသည့် ခံစားမှုမျိုးကို ထပ်မံခံစားလိုစိတ်ဖြစ်ပေါ်ပြီး ဆေးလိပ်ကို ပြန်လည်တောင့်တလာပါသည်။ ဆေးလိပ်မသောက်ရပါက စိတ်တိုခြင်း၊ စိတ်ပူပန်ခြင်း၊ အာရုံစူးစိုက်ရန်ခက်ခဲခြင်း စသည့် ခံစားချက်များ ဖြစ်ပေါ်လာမည်။ ဤသို့ဖြင့် စွဲလမ်းမှု ဖြစ်ပေါ်လာပါသည်။ နီကိုတင်းစွဲလမ်းမှုသည် အခြားမူးယစ်ဆေးဝါးများဖြစ်သော ဘိန်း၊ ကိုကင်း စသည်တို့အား စွဲလမ်းမှုဖြစ်စဉ်နှင့် အလားသဏ္ဍာန်အတူတူပင် ဖြစ်ပါသည်။

မိမိကိုယ်ကိုယုံကြည်မှုရှိလာအောင်ဆောင်ရွက်ခြင်း

ဆေးလိပ်ဖြတ်မည့်သူသည် မိမိပတ်ဝန်းကျင်တွင် မကြာမီက အောင်မြင်စွာဆေးလိပ်ဖြတ်နိုင်သူ၏ လုပ်ဆောင်မှုကို လိုက်နာအတုယူပါ။ ဆေးလိပ်ဖြတ်ရန် မအောင်မြင်သည့် ကြိုးပမ်းမှုတစ်ခုပြုလုပ်တိုင်း ၎င်းအတွေ့အကြုံပေါ်တွင်မူတည်၍ လိုအပ်ချက်များ သင်ခန်းစာယူပါ။ အောင်မြင်မှုမရရှိမီ အကြိမ်ကြိမ်ကြိုးစားရန် လိုအပ်ကြောင်း သိရှိထားရမည်။

ဆေးလိပ်ဖြတ်ရန်အတွက် အဓိကလုပ်ငန်းစဉ်များ

၁။ ဆေးလိပ်ဖြတ်မည့်ရက်သတ်မှတ်ခြင်း

ဆေးလိပ်ဖြတ်မည့်ရက်ကို ရွေးချယ်သတ်မှတ်ရန် အလွန်အရေးကြီးပါသည်။ လာမည့် နှစ်ပတ်ခန့်အချိန်သည် အသင့်လျော်ဆုံးဖြစ်သည်။ မိမိအတွက် အသင့်လျော်ဆုံးသောရက်ကို ရွေးချယ်သတ်မှတ်ပါ။ ဆေးလိပ်ဖြတ်မည့်ရက်ကို မြင်သာသောနေရာရှိ ပြက္ခဒိန်တွင် ချ၍ရေးမှတ်လိုက်ပါ။ ဆေးလိပ်ဖြတ်ပြီး ဆေးလိပ်ကိုအလွန်အမင်းတောင့်တလာလျှင် မည်သို့ဖြေရှင်းရမည်ကို ကြိုတင်စီစဉ်ထားပါ။ ဆေးလိပ်ဖြတ်ရန် တစ်ပတ်အလိုတွင် မိမိကားအတွင်းနှင့် အိမ်အတွင်း ဆေးလိပ်သောက်ခြင်းကို ရပ်ဆိုင်းလိုက်ပါ။ သောက်နေကျအချိန်၊ သောက်နေကျနေရာတွင် နာရီအနည်းငယ်မသောက်ဘဲ နေနိုင်အောင် လေ့ကျင့်ပါ။ ဆေးလိပ်ဖြတ်ရန် သတ်မှတ်ရက်မတိုင်ခင် “ည”တွင် ဆေးလိပ်၊ မီးခြစ်၊ ဆေးလိပ်ပြာခွက်များကို စွန့်ပစ်လိုက်ပါ။

၂။ ဆေးလိပ်သောက်လိုစိတ်ပြင်းပြမှုနှင့် အခြားအဟန့်အတားများကို ထိန်းချုပ်ခြင်း

ဆေးလိပ်ဖြတ်သည့်ဝေဒနာကို ခံစားရခြင်းနှင့်အတူ ဆေးလိပ်သောက်လိုစိတ်ပြင်းထန်မှုသည် ဆေးလိပ်ဖြတ်ပြီး ပထမနှစ်ပတ်ခန့်အတွင်း အဆိုးရွားဆုံးတွေ့ကြုံရပါမည်။ နှစ်ပတ်မှလေးပတ်အကြာတွင် များစွာလျော့ပါးသက်သာသွားပါလိမ့်မည်။ ၎င်းတို့ကို ကျော်လွှားနိုင်ရန်အတွက် အစီအမံများကိုလည်း ကြိုတင်ရေးဆွဲထားရန် လိုအပ်ပါသည်။ ယခင်က ဆေးလိပ်သောက်လေ့ရှိသည့်အချိန်၊ နေရာ၊ လုပ်ဆောင်မှုခံစားချက်တို့သည် ဆေးလိပ်သောက်လိုစိတ်ကို ပြင်းပြစေသည့် စေ့ဆော်ချက်များဖြစ်ပါသည်။ ထမင်းစားပြီး ဆေးလိပ်သောက်လေ့ရှိပါက စားပြီးအပြင်ထွက်လမ်းလျှောက်ခြင်း၊ လက်ဖက်ရည်၊ ကော်ဖီသောက်ခြင်း စသည်တို့ပြုလုပ်နိုင်ပါသည်။ နံနက်အိပ်ရာထ ဆေးလိပ်သောက်လေ့ရှိခဲ့ပါက အိပ်ရာထသည်နှင့် ရေချိုးခြင်း၊ နေရာပြောင်း၍ နံနက်စာစားခြင်း၊ သွားတိုက်ခြင်း၊ အပြင်ထွက်၍လမ်းလျှောက်ခြင်း စသည်တို့ဆောင်ရွက်နိုင်ပါသည်။ ကားမောင်းစဉ် ဆေးလိပ်သောက်လေ့ရှိခဲ့ပါက ကားထဲရှိ ဆေးလိပ်ပြာခွက်တွင် နေကြာစေ့ကဲ့သို့ စားစရာထည့်ထားခြင်း၊ ကားထဲတွင် စီးကရက်လက်ကျန် လုံးဝမရှိရအောင် ရှင်းလင်းထားခြင်းတို့ ဆောင်ရွက်ပါ၊ ခေတ္တအလုပ်နားသည့်အချိန်တွင် ဆေးလိပ်သောက်လေ့ရှိခဲ့ပါက ဆေးလိပ်မသောက်ရ ကန့်သတ်ထားသည့်နေရာတွင် အနားယူခြင်း၊ ယခင်ဆေးလိပ်သောက်လေ့ရှိသောနေရာကို ရှောင်ရှားခြင်း စသည်တို့ဆောင်ရွက်နိုင်ပါသည်။ တီဗွီကြည့်စဉ် ဆေးလိပ်သောက်လေ့ရှိခဲ့ပါက တီဗွီကို ခေတ္တခဏသာကြည့်ခြင်း၊ တီဗွီပေါင်ပေါ်တွင် သတိပေးစာကပ်ထားခြင်း စသည်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

ဆေးလိပ်ဖြတ်နေစဉ် စိတ်ဖိစီးမှု (Stress) ရံဖန်ရံခါ ရရှိနိုင်ပါသည်။ အသက်ပြင်းပြင်းရှူသည့် လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် သက်သာစေနိုင်ပါသည်။ ထိုင်ခုံတစ်ခုခုတွင် သက်သောင့်သက်သာ ထိုင်လိုက်ပါ။ တီဗွီ၊ ရေဒီယို၊ လက်ကိုင်ဖုန်း၊ အခြားအနှောင့်အယှက်ဖြစ်စေသော ပစ္စည်းများကို ပိတ်လိုက်ပါ။ လေကို နှာခေါင်းမှ အသက်ပြင်းပြင်းရှူသွင်းပါ။ ငါးစက္ကန့်ခန့် အသက်အောင့်ပြီး လေကို ပါးစပ်မှ ညင်သာစွာထုတ်လိုက်ပါ။ ငါးစက္ကန့်စောင့်လိုက်ပါ။ ဤသို့ဖြင့် ငါးမိနစ်ခန့် အသက်ရှူလေ့ကျင့်ခန်းကို ဆောင်ရွက်နိုင်ပါသည်။ စိတ်ဖိစီးမှုကို သက်သာစေသော အခြားနည်းလမ်းများလည်း ရှိပါသည်။ အချိန်လုံလောက်စွာအိပ်စက်ခြင်း၊ လမ်းလျှောက်ခြင်း၊ တရားထိုင်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများစားသုံးခြင်း၊ နေ့လယ်ပိုင်း အချိန်အနည်းငယ် အိပ်စက်ခြင်း စသည်တို့ ပြုလုပ်နိုင်ပါသည်။ မိမိတစ်ဦးတည်းနေစဉ် စိတ်ဖိစီးမှုခံစားရပါက စာအုပ်ဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ ဒိုင်ယာရီရေးခြင်း၊ သက်သောင့်သက်သာဖြစ်စေသော ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

အစာစားလိုစိတ်မြင့်တက်ခြင်းနှင့် ကိုယ်အလေးချိန်တိုးခြင်းတို့သည် ဆေးလိပ်ဖြတ်ရာတွင် အဟန့်အတား ဖြစ်စေနိုင်ပါသည်။ အသီးအရွက်များများပါသော အစားအစာများ ရွေးချယ်စားသုံးခြင်း၊ ရေများများသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

စာမျက်နှာ ၁၆ သို့ ■

ဆေးလိပ်ကို မည်သည့်အချိန်တွင်မဆို ဖြတ်နိုင်ပါက အလွန်နောက်ကျသွားပြီဟု မဆိုနိုင်ပါ။ ဆေးလိပ်ဖြတ်ပြီး နှစ်ပတ်မှ ၁၂ ပတ်တွင် ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှု အားကောင်းလာပြီး အဆုတ်၏ စွမ်းဆောင်ရည် တိုးတက်လာပါသည်။ တစ်လမှကိုးလအတွင်း ချောင်းဆိုးခြင်း၊ မောပန်းခြင်းတို့ သက်သာလာမည်။ ငါးနှစ်မှ ၁၅ နှစ်အတွင်း လေဖြတ်နိုင်သည့် အန္တရာယ်သည် ဆေးလိပ်မသောက်သူကဲ့သို့ဖြစ်သွားပေမည်။ ၁၀ နှစ်တွင် အဆုတ်ကင်ဆာဖြစ်နိုင်သည့်အန္တရာယ် ထက်ဝက်ကျဆင်းသွားပြီး ပါးစပ်၊ လည်ချောင်း၊ အစာပြွန်ချောင်း၊ ဆီးအိမ်၊ သားအိမ်ခေါင်း၊ မုံချိုအိတ်များတွင် ဖြစ်ပွားနိုင်သည့် ကင်ဆာရောဂါအန္တရာယ်များလည်း လျော့ကျသွားမည်။

မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ် (၂)

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စအဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာအိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသားရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။
မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

သထုံခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

သထုံ မေ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ သထုံ၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ချောလမ်း လေးမိုင်၊ ကတ္တရာလမ်း တစ်မိုင်၊ ကွန်ကရစ်လမ်း တစ်မိုင်၊ ပေ ၂၀ RC တံတား တစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ် ရေပွွန် နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နှစ်ခု၊ မြေထိန်းနံရံ နှစ်ခုတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၉၃၀ ဒသမ ၄၅၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငွေကြယ်

ထန်းတပင်မြို့နှင့် မှော်ဘီမြို့နယ်တို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နှင့် မှော်ဘီမြို့နယ်များရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းဆိုင်ရာများအား မေ ၁၄ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာအုပ်စု ကျီစုကျေးရွာတို့၌ အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း၊ အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေရှိ ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် မှော်ဘီမြို့နယ် လှပဒါးကျေးရွာအုပ်စု ကရင်သင်တောရိုးကျေးရွာတွင် လေးလက်မစက်ရေတွင်း တူးဖော်ခြင်း၊ ရေကန်၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ယင်းဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော အရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာကုန်ထုတ်လမ်း၊ ကုန်ထုတ်တံတား၊ ကွန်ကရစ်လမ်းခင်းကျင်းမှု၊ ရေသုံးစွဲမှုနှင့် ရေရရှိရေး၊ အသက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေအနေတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း

■ စာမျက်နှာ ၁၅ မှ

၃။ မိသားစုအပေါင်းအသင်းများ၏ အားပေး ကူညီမှုကို ရယူခြင်း

မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များတွင် မိမိအား ကူညီနိုင်မည့်သူများကို ရွေးချယ်ပါ။ ၎င်းတို့ထံမှ ပံ့ပိုးမှုကို တောင်းခံပါ။ မိသားစုနှင့်မိတ်ဆွေအပေါင်းအသင်းများသည် မိမိကို သတိပေးနိုင်ပါသည်။ ဆေးလိပ်သောက်လိုသောဆန္ဒကို ချိုးနှိမ်ရန် အားပေးနိုင်ပါသည်။ မိသားစု၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ၎င်းတို့တွင် ဆေးလိပ်သောက်သူများရှိပါက မိမိနှင့်အတူ ဆေးလိပ်ဖြတ်မည့်အစီအစဉ်အား အတူတကွ ရေးဆွဲဆောင်ရွက်လာနိုင်ပါသည်။

၄။ ဆေးဝါးများ အသုံးပြု၍ ဆေးလိပ်ဖြတ်ခြင်း

ဆေးဝါးအသုံးပြုပြီး ဆေးလိပ်ဖြတ်ပါက နှစ်ဆမှ သုံးဆအထိ ပို၍အောင်မြင်နိုင်ပါသည်။ နီကိုတင်းအစားထိုးဆေးဝါးများမှာ နီကိုတင်းကပ်ခွာပြား (Nicotine Patch)၊ နီကိုတင်းငုံဆေး(Nicotine lozenges)၊ နီကိုတင်းဂမ်း(Nicotine Gum)၊ နီကိုတင်းရှူဆေး(Nicotine oralinhalers) နှင့် နီကိုတင်းနှာခေါင်းဖျန်းဆေး (Nicotine nasal spray) တို့ဖြစ်သည်။ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် သုံးရသောဆေးများမှာ bupropion နှင့် varenicline တို့ဖြစ်ပါသည်။ ရေတိုသာ သုံးစွဲရမည့်ဆေးများဖြစ်သည်။

Nicotine patch (နီကိုတင်းကပ်ခွာပြား) ကို အသုံးပြုပါက နီကိုတင်းသည် အရေးပြားမှတစ်ဆင့် သွေးထဲသို့ စိမ့်ဝင်သွားပါမည်။ ၂၄ နာရီ အာနိသင်အတွက် ခုနစ်မီလီဂရမ်၊ ၁၄ မီလီဂရမ်၊ ၂၁ မီလီဂရမ် Patch များနှင့် ၁၆ နာရီ အာနိသင်အတွက် ငါးမီလီဂရမ်၊ ၁၀ မီလီဂရမ်၊ ၁၅ မီလီဂရမ် Patch များကို သုံးနိုင်ပါသည်။ စတင်အသုံးပြုသည့်အခါ ၂၄ နာရီ အာနိသင်ရှိသော Patch ကို သုံးမည်ဆိုပါလျှင် တစ်နေ့လျှင် စီးကရက်အလိပ် ၄၀ နှင့်အထက် သောက်သူအတွက် တစ်နေ့ နီကိုတင်း Patch လိုအပ်ချက် ၄၂ မီလီဂရမ်၊ တစ်နေ့လျှင် စီးကရက်အလိပ် ၂၀ မှ ၃၉ လိပ်အထိ သောက်သူအတွက် တစ်နေ့ နီကိုတင်း Patch လိုအပ်ချက် ၂၈ မှ ၃၅ မီလီဂရမ်၊ တစ်နေ့စီးကရက် ၁၀ လိပ်မှ အလိပ် ၂၀ သောက်သူအတွက် တစ်နေ့ နီကိုတင်း Patch လိုအပ်ချက် ၁၄ မှ ၂၁ မီလီဂရမ်၊ တစ်နေ့ စီးကရက် ၁၀ လိပ်ထက်နည်း၍ သောက်သူအတွက် တစ်နေ့ နီကိုတင်း Patch လိုအပ်ချက် ၁၄ မီလီဂရမ် ဖြစ်ပါသည်။ ၎င်းဆေးညွှန်းအတိုင်း သုံးစွဲ၍ လေးပတ်ကြာပြီးနောက် နှစ်ပတ်ကြာတိုင်း နီကိုတင်း Patch ကို ခုနစ်မီလီဂရမ်မှ ၁၄ မီလီဂရမ် လျှော့သွားရပါမည်။ စုစုပေါင်းကုသချိန်မှာ ရှစ်ပတ်မှ ၁၂ ပတ် ဖြစ်ပါသည်။ အသုံးပြုနည်းမှာ နီကိုတင်း Patch ကို လက်မောင်း၊ ကျောပြင် အပါအဝင် ခန္ဓာကိုယ် အပေါ်ပိုင်း အမွေးအမှျင်မရှိသောနေရာတွင် ကပ်ရမည်။ နေ့စဉ် Patch အသစ်ကပ်တိုင်း အရေပြားယားယံမှု မဖြစ်စေရန် နေရာပြောင်း၍ ကပ်ရမည်။

ဆေးလိပ်ပြန်လည်မသောက်မိရန်ပြင်ဆင်ခြင်း

"ထာဝရ ဆေးလိပ်ဖြတ်နိုင်ရန်" အတွက် အကြိမ်ကြိမ် အထပ်ထပ်ကြိုးစားမှု လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ ဆေးလိပ်ပြန်လည်သောက်မိခြင်းသည် ဖြစ်လေ့ရှိသောအမှားဖြစ်ပါသည်။ ကျရှုံးခြင်းမဟုတ်ပါ။ နောက်တစ်ကြိမ် ကြီးမားသောအောင်မြင်မှုရရှိရန် အတွေ့အကြုံသင်ခန်းစာဟု မှတ်ယူရပါမည်။ ပြန်လည်မသောက်မိရန် အကောင်းဆုံးနည်းမှာ အထက်တွင်ဖော်ပြခဲ့သော နည်းလမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

ကျန်းမာရေးဌာန၏ အခန်းကဏ္ဍ

အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းအားလုံးသည် မိမိတို့လုပ်ငန်းဆောင်ရွက်စဉ် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲသူများအား ဆေးရွက်ကြီးအန္တရာယ်အကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်ခြင်း၏အရေးပါပုံကို အချိန်အနည်းငယ် (တစ်မိနစ်မှ သုံးမိနစ်ခန့်) ရှင်းလင်းအကြံပြုနိုင်ပါက ဆေးလိပ်၊ ဆေးရွက်ကြီးဖြတ်နှုန်း မြင့်မားလာနိုင်ပါသည်။ ထို့ပြင် သင့်လျော်သော ဆေးရုံ၊ ဆေးခန်းများတွင် ဆေးလိပ်ဖြတ်နိုင်သောစင်တာများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လျက်ရှိပါသည်။ ဆေးလိပ်ဖြတ်သည့်ဆားဗစ်နှင့် ဆေးလိပ်ဖြတ်သည့်ဆေးဝါးများကို လူအများ လက်လှမ်းမီသည့် အခြေအနေ ရရှိအောင် စီစဉ်ဖန်တီးပေးရန် လိုအပ်ပါသည်။ အချို့နိုင်ငံများတွင် ဆေးလိပ်ဖြတ်သည့် လုပ်ငန်းအပါအဝင် ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သော ရန်ပုံငွေကို ဆေးလိပ်၊ ဆေးရွက်ကြီးအပေါ်တိုးမြှင့်ကောက်ခံသော အခွန်အတုတ်ပေါ်တွင် ထပ်ဆောင်း၍ သီးခြားရန်ပုံငွေအဖြစ် သတ်မှတ်ကောက်ယူ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ ။

■

မေ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၄ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၆၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၀၀,၈၅၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၃,၀၅၉)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၃၆၆၈၉၃၁	၂၆၇၁၂၈၂၁	၅၉၉၃၁၄
၂။	အိန္ဒိယ	၂၄၄၀၈၁၃၂	၂၀၄၈၃၄၈၇	၂၆၆၉၉၀
၃။	ဘရာဇီး	၁၅၅၂၁၃၁၃	၁၄၀၂၈၃၅၅	၄၃၂၇၈၅
၄။	ပြင်သစ်	၅၈၄၈၁၅၄	၅၀၄၂၄၁၁	၁၀၇၄၂၃
၅။	တူရကီ	၅၀၉၅၃၉၀	၄၈၉၄၀၂၄	၄၄၃၀၁
၆။	ရုရှား	၄၉၃၁၆၉၁	၄၅၄၇၅၀၀	၁၁၅၄၈၀
၇။	ဗြိတိန်	၄၄၄၆၈၂၄	၄၂၇၃၄၄၁	၁၂၇၆၆၈
၈။	အီတလီ	၄၁၄၆၇၂၂	၃၆၈၃၁၈၉	၁၂၃၉၂၇
၉။	စပိန်	၃၆၀၄၇၉၉	၃၂၉၇၃၄၀	၇၉၃၃၉
၁၀။	ဂျာမနီ	၃၅၈၅၈၉၁	၃၂၇၅၅၀၀	၈၆၄၈၁

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁၇၃၆၆၇၀	၁၅၉၇၀၆၇	၄၇၉၆၇
၂။	ဖိလစ်ပိုင်	၁၁၃၈၁၈၇	၁၀၆၂၄၂၇	၁၉၀၅၁
၃။	မလေးရှား	၄၆၆၃၃၀	၄၂၂၃၂၉	၁၈၆၆
၄။	မြန်မာ	၁၄၃၀၅၉	၁၃၂၁၀၀	၃၂၁၂
၅။	ထိုင်း	၉၉၁၄၅	၆၃၆၆၇	၅၆၅
၆။	စင်ကာပူ	၆၁၅၃၆	၆၁၀၄၇	၃၁
၇။	ကမ္ဘောဒီးယား	၂၁၈၃၄	၁၀၇၄၀	၁၄၇
၈။	ဗီယက်နမ်	၃၈၅၄	၂၆၅၇	၃၆
၉။	လာအို	၁၅၇၀	၅၅၅	၂
၁၀။	ဘရူနိုင်း	၂၃၂	၂၂၀	၃

ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲ၌ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

နှစ်ဖွဲ့ခွဲပြီး ဆောင်ရွက်

ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့အနေနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို နှစ်ဖွဲ့ခွဲပြီး ဆောင်ရွက်ပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားမှုအခြေအနေ၊ စာသင်ခန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီမံထားရှိမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အပူချိန်တိုင်းကိရိယာများ၊ လက်ဆေးဘေစင်များ၊ လက်ဆေးဆပ်ပြာများ၊ နှာခေါင်းစည်းများ စီစဉ်ထားရှိမှုအခြေအနေနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်း စစ်ဆေးပါတယ်။ ကျွန်တော်တို့ စစ်ဆေးပြီးရင်လည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနက လာရောက်စစ်ဆေးသွားမှာပါ။ ဥတ္တရသီရိမြို့နယ်အတွင်း၌ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်ကျောင်း စုစုပေါင်း ၅၅ ကျောင်းရှိပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၁၁ ရက်က စတင်ပြီး ဆောင်ရွက်ခဲ့တာပါ"ဟု ဥတ္တရသီရိမြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်ထံမှ သိရသည်။

ထို့နောက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမတွင် အဆိုပါကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအား မြို့နယ်ပညာရေးမှူးက တွေ့ဆုံ၍ အခြေခံပညာကျောင်းများကို မေ ၂၄ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်လက်ခံသွားမည့် အခြေအနေများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၁၅

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင်ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

စဉ်	အမည်	အလုပ်အကိုင်	နေရပ်လိပ်စာ	တရားစွဲဆိုထားသည့်ပုဒ်မ	ဓာတ်ပုံ
၁	ဒေါက်တာ မျိုးခင်သန်း	ဒုတိယပါမောက္ခချုပ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပြည်မြို့	ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး	၅၀၅-က	
၂	ဦးတင်မောင်ဆွေ	လက်ထောက်ဖော်ကွန်းထိန်း၊ နည်းပညာတက္ကသိုလ်၊ ပြည်မြို့	ချောက်မြို့၊ မကွေးတိုင်းဒေသကြီး	၅၀၅-က	
၃	ဒေါက်တာ အောင်နိုင်သူ	တွဲဖက်ပါမောက္ခ၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့	မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၄	ဒေါက်တာ နန်းမိုးစံ	တွဲဖက်ပါမောက္ခ၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့	မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၅	ဒေါက်တာ ကျော်နိုင်ဦး	ကထိက၊ ပဲခူးတက္ကသိုလ်၊ ပဲခူးမြို့	ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး	၅၀၅-က	
၆	ဦးမျိုးမြင့်အောင်	လက်ထောက်ကထိက၊ ရတနာပုံတက္ကသိုလ်၊ အမရပူရမြို့နယ်	အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅၀၅-က	
၇	ဦးတိုင်းကျော်သူ	ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့	မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၈	ဒေါက်တာ မယုအောင်	ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့	မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၉	ဦးရန်မျိုးနိုင်	ကထိက၊ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့	မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၁၀	ဦးဝင်းမင်းထွန်း	ကထိက၊ နည်းပညာတက္ကသိုလ် (မော်လမြိုင်)၊ မော်လမြိုင်မြို့	မော်လမြိုင်မြို့၊ မွန်ပြည်နယ်	၅၀၅-က	

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၁၅

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

စဉ်	အမည်	ဆေးရုံအမည်	နေရပ်လိပ်စာ	တရားစွဲဆိုထားသည့်ပုဒ်မ	ဓာတ်ပုံ
၁	ဒေါ်အယ်လီစံ (အထက်တန်းသူနာပြု)	ပုလော တိုက်နယ်ဆေးရုံ	ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး	၅၀၅-က	
၂	ဦးဆောင်သီ (အထက်တန်းသူနာပြု)	[illegible] တိုက်နယ်ဆေးရုံ	[illegible]မြို့၊ တနင်္သာရီတိုင်းဒေသကြီး	၅၀၅-က	
၃	ဦးထိုက်အောင်ခန့် (အထက်တန်းသူနာပြု)	[illegible] ပြည်သူ့ဆေးရုံ	လွိုင်ကော်မြို့၊ ကယားပြည်နယ်	၅၀၅-က	
၄	ဒေါ်ဖြူဖြူအေး (အထက်တန်းသူနာပြု)	ဝိုင်းမော် ပြည်သူ့ဆေးရုံ	ဝိုင်းမော်မြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၅	ဒေါ်ခင်နွယ်ဖြူ (အထက်တန်းသူနာပြု)	ကလော ပြည်သူ့ဆေးရုံ	ကလောမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)	၅၀၅-က	
၆	ဒေါ်စုစုအောင် (အထက်တန်းသူနာပြု)	စလင်း ပြည်သူ့ဆေးရုံ	စလင်းမြို့၊ မကွေးတိုင်းဒေသကြီး	၅၀၅-က	
၇	ဒေါ်ချောစုစုဖြူ (သူနာပြု)	မိုးကောင်း ပြည်သူ့ဆေးရုံ	မိုးကောင်းမြို့၊ ကချင်ပြည်နယ်	၅၀၅-က	
၈	ဒေါ်နွယ်ဇင်မြင့် (သူနာပြု)	ကောလင်း ပြည်သူ့ဆေးရုံ	ကွမ်းလှမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၅၀၅-က	
၉	ဒေါ်အေးချမ်းမေ (သူနာပြု)	ကောလင်း ပြည်သူ့ဆေးရုံ	ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၅၀၅-က	
၁၀	ဦးကျော်စိုးသူ (သူနာပြု)	ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး	ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၅၀၅-က	

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

မင်းတပ်မြို့နယ် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် လက်နက်ကိုင်ဆူပူအကြမ်းဖက်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် မေ ၁၅

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားသည့် ကာလအတွင်း ထိန်းသိမ်းရယူကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေရန်ရည်ရွယ်၍ ဆူပူအကြမ်းဖက်သူများက ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ဆူပူဆန္ဒပြမှုများ ဆောင်ရွက်ခြင်း၊ ၎င်းအပြင် အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ အစိုးရဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ CDM မပြုလုပ်သော အစိုးရဝန်ထမ်းကောင်းများအပေါ် ဖိအားပေး ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ချောင်းမြောင်းတိုက်ခိုက်

ထို့ပြင် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများအဖြစ်ကြေညာထားသော CRPH နှင့် ဆက်သွယ်ကာ မင်းတပ်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို တရားမဝင်ဖွဲ့စည်း၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေး ပျက်ပြားစေရန်၊ အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများ၏ အသက်အိုးအိမ်များ ပျက်စီးစေရန် ရည်ရွယ်၍ ဆူပူအကြမ်းဖက်ခြင်း၊ မိုင်းထောင်၊ မိုင်းခွဲပြုလုပ်ခြင်း၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း၊ အစိုးရဝန်ထမ်းများကို ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား လက်နက်ကြီး၊ လက်နက်ငယ်၊ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများ၊ မီးပုလင်းများဖြင့် အန္တရာယ်ပြု ချောင်းမြောင်းတိုက်ခိုက်ခြင်းစသော လက်နက်ကိုင်၍ အကြမ်းဖက်တိုက်ခိုက်ခြင်း (Terrorism) ကိုပါ ဆောင်ရွက်လာခဲ့သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက်မှ မေ ၁၃ ရက်အထိ မင်းတပ်မြို့နယ်အတွင်း လှည့်ကင်း၊ ပတ်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူများက စုစုပေါင်း ခုနစ်ကြိမ်ခန့် လက်နက်ငယ်၊ တူမီးသေနတ်များဖြင့် ချောင်းမြောင်းတိုက်ခိုက်ခဲ့သည်။ ထို့ပြင် မေ ၁၂ ရက်တွင် ဆူပူအကြမ်းဖက်သူ CDF အဖွဲ့ဝင်များက မင်းတပ်မြို့ စံပြရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် အရှေ့ပြင်ရပ်ကွက်ရှိ မြို့မရဲစခန်းတို့အား တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် မင်းတပ်ခရိုင် လျှပ်စစ်ရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးရဲအောင်စိုးနှင့် ဦးဝေဖြိုးသန့်တို့နှစ်ဦးအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

၎င်းအပြင် မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် မင်းတပ်မြို့ လုံခြုံရေးဆောင်ရွက်ရန်အတွက် မတူပီမြို့မှ ထွက်ခွာလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား မတူပီ-မင်းတပ် ကားလမ်း ၃၅/ ၀ မိုင် အရောက်၌ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်။ ထို့အတူ မင်းတပ်မြို့၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာ၌ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မင်းတပ်မြို့သို့ လာရောက်နိုင်ခြင်း မရှိစေရန် ပိတ်ဆို့ပစ်ခတ်တိုက်ခိုက်ခြင်း ပြုလုပ်လာခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့မှုများကြောင့် မော်တော်ယာဉ် တစ်စီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ တပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရရှိခဲ့သည်။

မင်းတပ်မြို့နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှု ရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များဖြင့် ဧပြီ ၂၉ ရက်နှင့် မေ ၁၀ ရက်တို့တွင် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများက သဘောတူလက်ခံခြင်းမရှိဘဲ အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုဖြစ်သော CRPH နှင့် တရားမဝင်ဖွဲ့စည်းထားသော ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၏ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်မှုများကြောင့် မင်းတပ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားလာသည့်အပြင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကိုပါ ထိခိုက်လာနိုင်သဖြင့် မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်ကို မေ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ရသည်။

ထိုသို့ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ပြီး မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့အတွင်း သွားရောက်စဉ် မေ ၁၄ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့၏အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ၌ ဆူပူအကြမ်းဖက်သူအင်အား ၁၀၀၀ ခန့်က လက်နက်ငယ်၊ ၄၀ မမ၊ တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရသည်။ ဖြစ်စဉ်တွင် မော်တော်ယာဉ် ခြောက်စီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကာ တပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ပျောက်ဆုံးခဲ့ရသဖြင့် ပျောက်ဆုံးလျက်ရှိသော တပ်ဖွဲ့ဝင်များ အမြန်ဆုံးပြန်လည်တွေ့ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ မတူပီ-မင်းတပ် ကားလမ်းပေါ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းတိုက်ခိုက်မှု စုစုပေါင်း ငါးကြိမ် ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် အကြမ်းဖက်သူတစ်ဦးအား တူမီးသေနတ် တစ်လက်၊ လက်လုပ်မိုင်းလေးလုံးနှင့်အတူ အသေဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မင်းတပ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သူများ ဝင်ရောက်နေထိုင် လှုပ်ရှားမှုမရှိစေရေး နေ့ညမပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူများအနေဖြင့်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အကြမ်းဖက်မှုများကို အားပေးခြင်း၊ ပါဝင်ကျူးလွန်သူများနှင့် စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုများကို ကျူးလွန်ဖောက်ဖျက်သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သောင်းကျန်းသူများ လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မေ ၁၅

မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းနှင့် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ည ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်မြေမာန်ရပ်ကွက်ရှိ မြို့မရဲစခန်းအား ဆူပူအကြမ်းဖက်သောင်းကျန်းသူများက တူမီးသေနတ်များ၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ဆုတ်ခွာရာနောက်သို့ အသေးစိတ်လိုက်လံပိတ်ဆို့ခဲ့ရာ ရွှေဘုံသာဘောလုံးကွင်းအနီး အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းလမ်းထောင့်၌ အကြမ်းဖက်မှုပြုလုပ်ရာတွင် ပါဝင်သူ အောင်သစ္စာရပ်ကွက်နေ လှမျိုးအောင်(၂၉)နှစ် (ဘ)ဦးဝင်ဒွေးပါ အမျိုးသားငါးဦးကို လက်လုပ်မိုင်းတစ်လုံး၊ ဆိုင်ကယ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၆) ရပ်ကွက် လမ်းမတော်လမ်းရှိ အခြေခံပညာအလယ်တန်းကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးဆောင်ရွက်နေစဉ် ကျောင်း၏ အနောက်ဘက်နှင့် မြောက်ဘက်တို့မှ ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူအကြမ်းဖက်သောင်းကျန်းသူအင်အား ၄၀ ခန့်က လက်နက်ငယ်များ၊ တူမီးသေနတ်များ၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်လာရောက် ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သူများမှာ လူစုကွဲထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် လုံခြုံရေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော လုံခြုံရေးအင်အားများ တိုးမြှင့်ကာ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၅

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မိုးကြိုးကျေးရွာနေ မွတ္တား (ခ) မျိုးဆင့်(၅၀)နှစ် (ဘ) ဦးလှမောင်၏ နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ည ၆ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် နတ်လူထိတ်ပန်ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအလွတ် တစ်ခုအတွင်းမှ တူမီးသေနတ် ခုနစ်လက်နှင့် ဖိုက်ဘာဦးထုပ် ၂၈ လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၁၄ ရက် ည ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် (က+ခ) ရပ်ကွက်နေ ဒေါ်ဝင်း(၄၀)နှစ်(ဘ) ဦးကျော်နု၏နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဓားရှည်မျိုးစုံ လေးချောင်း၊ ဓားတိုမျိုးစုံ လေးချောင်းနှင့် အကြမ်းဖက်မှုတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းအား ထာဝရအောင်မြေအများပိုင် ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

စစ်တွေ မေ ၁၅

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား သံတွဲခရိုင် တောင်ကုတ်မြို့ မြို့သစ်ဖော်ထုတ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ထာဝရအောင်မြေအများပိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးကျောက်တောင်နှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ထာဝရအောင်မြေအများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျောက်တောင်က အများပိုင်ကုမ္ပဏီမှ တောင်ကုတ်မြို့ မြို့ကွက်သစ်ဖော်ထုတ်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မြို့ကွက်သစ်ပြုလုပ်ခဲ့မှုအခြေအနေ၊ မြို့ကွက်သစ်ဖော်ထုတ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာမည့်အခြေအနေနှင့် မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့မှုအခြေအနေများကို ပါဝါပွိုင့်ဖြင့်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြို့ကွက်သစ်ဖော်ထုတ်ခြင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မြို့ကွက်သစ်ဖော်ဆောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE မှ တိုင်းဒေသကြီးအတွင်းရှိ ရေနံမြေများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း

မကွေး မေ ၁၅

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE မှ တာဝန်ရှိသူများ၊ ရေနံမြေတာဝန်ခံများ တွေ့ဆုံညှိနှိုင်းအခမ်းအနားကို မေ ၁၄ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁)ဗိုလ်မှူးကြီးမင်းဦး၊ အဖွဲ့ဝင်(၃) ဦးစိုင်းမြင့်အေးနှင့် အဖွဲ့ဝင်(၅)ရဲမှူးကြီးလှိုင်တင့်တို့က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

ဆက်လက်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE မှ တာဝန်ရှိသူများနှင့် မန်းရေနံမြေ၊ ထောက်ရှာပင်-ထန်းကိုင်း-ရေနံမ၊ ရေနံချောင်း၊ ချောက်၊ ကျောက်ခွက်-လက်ပံတို့နှင့် သာကြီးတောင်-စပယ်ရေနံမြေတို့မှ ရေနံမြေတာဝန်ခံများက လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ လုံခြုံရေးဆောင်ရွက်မှု၊ ဝန်ထမ်းများပြန်လည်ဝင်ရောက်မှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် လုပ်ငန်းခွင်အတွင်း အခက်အခဲများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားဘောလုံးအသင်း(U-21)အား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့်တွေ့ဆုံပွဲ ကျင်းပ

ပင်းတယ မေ ၁၅

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသားအဆင့် ဘောလုံးအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားဘောလုံးအသင်း (U-21)အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ခြင်းနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် သန့်ရှင်းစွာယှဉ်ပြိုင်၍ ဒေသဂုဏ်သိက္ခာမြှင့်တင်ရန် မှာကြားခဲ့ပြီး ဘောလုံးအသင်း (U-21) အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်သည်။

မေ ၁၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား အမျိုးသားအဆင့် ဘောလုံးအားကစားပြိုင်ပွဲသို့ နည်းပြသုံးဦး ခေါင်းဆောင်၍ ပင်းတယနှင့် ရွာငံမြို့နယ်တို့မှ ဒေသခံအားကစားသမား ၁၈ ဦးတို့က သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မေ ၁၄ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးရွာအုပ်စုများအတွင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် အသိပညာပေး ဆွေးနွေးခြင်းကို ညောင်အိုင်ကျေးရွာနှင့် ကျန်တောကျေးရွာများရှိ ဘုန်းကြီးကျောင်းများတွင် ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသန့်က စိုက်ပျိုးရေးနှင့်ပတ်သက်၍ မျိုး၊ မြေ၊ ရေ နည်းပညာဆိုင်ရာများကို လည်းကောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ မျိုး၊ အစာအာဟာရ နည်းပညာ၊ လှောင်မွေးနည်းစနစ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မိမိတို့စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် မြို့နယ်အတွင်းရှိအခြေခံကျောင်းများမှ (ထက်/လယ်/မူ) ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို အထက ရွာငံ ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အခြေခံကျောင်းများဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းဥပစာရပ်ကောင်းမွန်ရေး၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာများနှင့် ကာကွယ်ဆေးထိုးနှံမှုများ၊ ကျောင်းများတွင် ငွေကြေးကောက်ခံမှုမရှိဘဲဆောင်ရွက်ထားရှိမှု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့်ပူးပေါင်း၍ လုံခြုံရေးကိစ္စများဆောင်ရွက်ထားရှိမှုများ၊ ပညာရေးကဏ္ဍနှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများက ကလေးများနှင့် ဆရာ ဆရာမများ၏ လုံခြုံရေး၊ စာကြည့်တိုက်၊ သောက်သုံးရေ၊ အားကစားကွင်းစသည့် ကျောင်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ရွာငံမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာပေမြင့်မှ
လူမျိုးတင့်မည်

လမ်းလျှောက်ရင်း ဘဝတည်ဆောက်ကြမယ်

မောင်ယဉ်ထွေး

အသက်ငါးဆယ်ရောက်လာတော့ ဘဝလက်ကျန်အချိန်တွေအတွက် စဉ်းစားမိလာပါတယ်။ အသက်ရှင်စဉ် ဘာတွေလုပ်ရမလဲ၊ ဘာတွေလုပ်ဖို့ကျန်သေးသလဲ၊ ဘာတွေလုပ်ဖို့လိုသလဲဆိုတဲ့ အတွေးတွေပါ။

ဒီအတွေးတွေနဲ့အတူ ကိုယ့်ခန္ဓာကိုယ်က စိတ်သွားတိုင်း လိုက်ပါမလုပ်နိုင်တာတွေကို သိသိသာသာ အချက်ပေးလာတာ သတိထားလာမိပါတယ်။ အဝလွန်နေတဲ့ ခန္ဓာကိုယ်၊ အဆီတွေစုနေတဲ့ ဗိုက်၊ ကုပ်ပိုးသားတွေ အစ်ထွက်နေတဲ့ပုံက အထိုင်အထ၊ အသွားအလာ ဘယ်လိုမှကို မသက်သာတာ ကိုယ်တိုင်အသိပါ။ ကြာကြာထိုင်ရင် ခြေထောက်တွေကကျင်၊ စကားနည်းနည်းပြောတာနဲ့ မော၊ လမ်းဝေးဝေးမလျှောက်နိုင်တဲ့ ကိုယ့်အဖြစ်ကိုယ် စိတ်ပျက်အားငယ်စ ပြုလာပါတယ်။

အဝလွန်လို့ ရလာနိုင်တဲ့ အခြားရောဂါတွေ များစွာရှိပါတယ်။ အရင်ဆုံးစပြီး ခံစားမိစေတာကတော့ နေ့စဉ်လူနေမှုဘဝမှာ မသက်မသာနဲ့ ခက်ခက်ခဲခဲ ကျော်လွှားဖြတ်သန်းရှင်သန်ရတဲ့ ကိစ္စပါ။ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ အင်တာနက်တွေပေါ်မှာ ကိုယ်အလေးချိန်လျှော့ချနည်းတွေ မကြာမကြာ ကြည့်မိ ၊ တွေ့မိ ၊ ဖတ်မိ ၊ လေ့လာမိပါတယ်။

ဒါပေမဲ့ မသိလိုက် မသိဘာသာဘဲ အမှုမဲ့၊ အမှတ်မဲ့၊ အသိမဲ့၊ သတိမဲ့စွာ ဖြစ်သလို နေထိုင်စားသောက်ခဲ့လေတော့ ကိုယ့်ခန္ဓာကိုယ်ကိုယ်မနိုင်မနင်းဖြစ်လာတော့မှ မျက်ကလူးဆန်ပြာ ဖြစ်လာရပါတယ်။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ မောပန်းနွမ်းနယ်၊ အဝလွန်၊ လမ်းဝေးဝေးကြာကြာမလျှောက်နိုင်၊ မရပ်နိုင်တဲ့ ကိုယ့်အဖြစ်ကိုယ် အားမလို အားမရ ရှက်စိတ်တွေ၊ စိုးရိမ်စိတ်တွေ ပါဝင်လာခဲ့ပါတယ်။ ဒီစိုးရိမ်စိတ်ကပဲ မဖြစ်တော့ဘူး၊ ဝိတ်ချမှရတော့မယ်၊ လမ်းလျှောက်လေ့ကျင့်ခန်းကို နေ့တိုင်းပုံမှန်လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ဒုန်းဒုန်းချလိုက်ပါတော့တယ်။

စိတ်အားထက်သန်မှုဖွဲ့နဲ့ ပထမခြေလှမ်းကိုစပါ

ပထမဆုံး လမ်းစလျှောက်တဲ့နေ့ပါ။ ခြေလှမ်းတစ်ရာလောက် လျှောက်မိတာနဲ့ ခြေသလုံးကြွက်သားတွေ၊ ခြေဖဝါးတွေ နာလာပါတော့တယ်။ မောလည်းမောလာပါတယ်။ ဖြစ်မှဖြစ်ပ့ါမလားလို့ စိတ်ကစပြီး ဇဝေဇဝါဖြစ်လာပါတယ်။ စစချင်းအားလျှော့ရင် အခုဖြစ်နေတဲ့ ဝေဒနာတွေ ဆုံးရှုံးမှုတွေကို ဘယ်လိုတွန်းလှန်ပြုပြင်နိုင်ပ့ါမလဲဆိုတဲ့ အသိစိတ်ကို အခြေပြုပြီး နောက်ထပ်ခြေလှမ်းတွေကို အားတင်းပြီး လျှောက်လှမ်းမိပါတယ်။

လမ်းလျှောက်ရာမှာ နှေးနှေး၊ မှန်မှန်၊ မြန်မြန် ဆိုပြီး သုံးမျိုးရှိရာ မြန်မြန်လျှောက်မှ ဝိတ်ကျဖို့ ကျန်းမာရေးအတွက် အထောက်အကူ အမြန်အကျိုးပေးတယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ တကယ်တမ်း မြန်မြန်လမ်းလျှောက်ဖို့ဆိုတာ ပြောသလောက် ၊ ထင်သလောက်တော့ မလွယ်ကူမှန်း ကိုယ်တိုင်လမ်းလျှောက်တော့မှ သေသေချာချာ ဂဃနဏ သိလာရတာပါ။ သင်စရာမလိုတဲ့ လမ်းလျှောက်နည်းဟာ တကယ်တမ်းတော့ အလေ့အကျင့်ကနေ အလေ့အထ၊ အလေ့အထကနေ အတွေ့အကြုံ၊ အတွေ့အကြုံကနေ နည်းစနစ်ဆိုတာကို သိလာ၊ နားလည်လာတယ်။ လမ်းလျှောက်ရင်း ရလာတဲ့လက်တွေ့သင်ခန်းစာတစ်ခုဟာ ဘဝအတွက် များစွာတန်ဖိုးရှိလှပါတယ်။

ပထမနေ့မှာတော့ လူအများစု သတ်မှတ်ထားတဲ့အတိုင်း ခြေလှမ်းခြောက်ထောင် စလျှောက်ကြည့်ပါတယ်။ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လို့ နောင်ရလာမယ့် ကောင်းကျိုးတွေထက် လက်တွေ့ပစ္စုပ္ပန်ဝေဒနာကို သည်းခံစိတ်တွေနဲ့ အားတင်းကျော်ဖြတ်ရပါတော့တယ်။ လမ်းလျှောက်ရင်း လမ်းမပေါ်မှာ ကိုယ့်လို လမ်းလျှောက်နေတဲ့ အသက်ခြောက်ဆယ်လောက် လူကြီးတစ်ဦးကို သွက်လက်တက်ကြွလန်းဆန်း ကြည်နူးရွှင်ပျစွာ လမ်းမြန်မြန်လျှောက်နေတာကို တွေ့လိုက်တော့ မေးချင်တဲ့မေးခွန်းတွေ ရင်ထဲတစ်သီကြီးပေါ်လာပါတော့တယ်။

အဲဒါနဲ့ အစ်ကိုကြီး လမ်းနေ့တိုင်းလျှောက်သလားဗျလို့ အစချီပြီး နှုတ်ဆက်စကား ဆိုလိုက်ပါတယ်။ သူက မဆိုင်းမတွပဲ လျှောက်ပါတယ်၊ နေ့တိုင်းလျှောက်တာ ဆယ်နှစ်ရှိပြီလို့ဆိုပါတယ်။ အသက်ကိုမေးတယ်ဆိုတာ ရိုင်းတယ်ဆိုပေမယ့် စပ်စုချင်တဲ့စိတ်ကို မထိန်းနိုင်တာကြောင့် အစ်ကိုကြီးအသက် ဘယ်လောက်ရှိပြီလဲ၊ ခုနစ်ဆယ်ပါတဲ့။

ကျွန်တော်ထင်တာနဲ့ တက်တက်စင်အောင် လွဲတော့တာပါပဲ။ ကျွန်တော်က သူ့ကို ခြောက်ဆယ်လောက်လို့ထင်ထားတာ၊ အခုသူကခုနစ်ဆယ်တဲ့ ဆယ်နှစ်တောင်လွဲပြီး ခန့်မှန်းမိတဲ့အထိ နုပျိုတာ၊ ဖျတ်လတ်တာ၊ တက်ကြွတာ၊ ကြည်လင်တာ၊ လန်းဆန်းတာတွေက အသက်ခြောက်ဆယ်လောက်လို့ ထင်မိစေတာပါ။

အဆီမရှိ၊ ပိန်ပိန်ပါးပါးနဲ့ မောပုံပန်းပုံမပြ လမ်းလျှောက်နေရတာ ဘဝနိဗ္ဗာန်လို့ ထင်နေတဲ့ပုံပေါက်နေတဲ့ အသက်ခုနစ်ဆယ်အရွယ် ဦးလေးကို အားကျစိတ်တွေနဲ့ မေးခွန်းတွေ ဆက်မေးမိပါတယ်။ တစ်နေ့ ခြေဘယ်နှလှမ်းလျှောက်လဲဆိုတော့ ခုတော့ တစ်နေ့ ခြေလှမ်း တစ်သောင်းခွဲတဲ့၊ စလျှောက်တုန်းကတော့ ငါးထောင်က စလျှောက်တာ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကဆို အခုင့ါ့ညီလောက်ဝတယ်၊ ငါ့ညီ အခုပုံစံလိုပဲ အလိုမကျတဲ့ မျက်နှာအမူအရာနဲ့ အရာရာပင်ပန်းနေတဲ့ ပုံပေ့ါကွာတဲ့။ င့ါညီကို ပြောချင်တာကတော့ စိတ်ခါတ်ခိုင်မာစွာနဲ့ ဇွဲအပြည့်နဲ့ လမ်းကိုပုံမှန်လျှောက်ဖို့ ဆုံးဖြတ်ချက် တိကျခိုင်မြဲဖို့က အရေးအကြီးဆုံးသော အရာဖြစ်တယ်။ နောက်ပိုင်း လမ်းလျှောက်ရင်း တိုးပြီးလျှောက်ရဖို့ကတော့ ကိုယ့်ခန္ဓာကိုယ်ရဲ့ ခံနိုင်ရည်၊ ကိုယ့်ရဲ့ ရည်မှန်းချက်ကို အခြေခံပြီး ချိန်ဆဆောင်ရွက်တတ်သွားမှာပါလို့ ပြောလာပါတယ်။

ကျွန်တော်လည်း သူ့ပုံစံကိုကြည့်ကာ လမ်းလျှောက်သက် ဆယ်နှစ်ရှိသူဆီမှာ တပည့်ခံပြီး လမ်းလျှောက်သင်မယ်လို့ ဆုံးဖြတ်ကာ ကျွန်တော် ဦးလေးနဲ့ နေ့စဉ်လမ်းအတူ လျှောက်ပါရစေဆိုတော့ အဆင်ပြေပါတယ်။ င့ါညီက လမ်းအတူလျှောက်ရင်း လမ်းလျှောက်နည်းနဲ့ အကျိုးအပြစ်၊ ဆောင်ရန်ရှောင်ရန်တွေ သင်ယူတော့မယ်ပေ့ါလို့ ရယ်ရယ်မောမောနဲ့ ပြန်ပြောလာတော့ ကျွန်တော်လည်း ရယ်ကျဲကျဲနဲ့ ဝန်ခံခေါင်းညိတ်လိုက်ပါတယ်။

လမ်းဘာကြောင့်လျှောက်သင့်သလဲ

ယနေ့ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ ရောဂါတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကူးစက်ရောဂါကြောင့် မဟုတ်ဘူးဗျ။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အူကင်ဆာ၊ ရင်သားကင်ဆာ၊ အရိုးပွ စတဲ့ရောဂါတွေဖြစ်ပြီး ဒီရောဂါတွေဟာ ကိုယ်လက်လှုပ်ရှားမှု မလုံလောက်လို့ နည်းလို့ဖြစ်တဲ့ ရောဂါတွေပေ့ါဗျာ။ ဇိမ်ကျမှုနဲ့ ကျန်းမာမှု ဘယ်အရာက ပိုအရေးပါလဲလို့ လမ်းလျှောက်ဖော် ဦးလေးရဲ့ မေးခွန်းက ရိုးရှင်းသော်လည်း ပြောလိုသိစေလိုတဲ့ အချက်ပေါင်းများစွာ ပါဝင်နေပါတယ်။

တစ်ဘဝတာ ဇိမ်ကျကျနေနိုင်ဖို့ဆိုတာ ကျန်းမာမှဖြစ်မှာပေ့ါ။ င့ါညီ ကျန်းမာအောင် ဒီသုံးချက်ကို အလေးထားလိုက်နာသင့်တယ်။ (၁) အစာအာဟာရ (၂)အနားယူမှု(၃) ကိုယ်လက်လှုပ်ရှားမှုတွေကို ညီညွတ်မျှတစွာ ကျန်းမာရေးကို ရှေးရှုလို့ အသိ၊ သတိအပြည့်နဲ့ နေထိုင်ပါမှ တကယ် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာသူဖြစ်လာပါလိမ့်မယ်။ အပြောလွယ်သလောက် နေ့စဉ်လုပ်နိုင်ဖို့ဆိုတာတော့ ကိုယ်တိုင်အသိနဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးထိန်းကျောင်းနိုင်မှုက အရေးကြီးဆုံးပဲဗျ။

ဒီသုံးချက်ကို လမ်းလျှောက်ခြင်းနဲ့အစပြုလို့ နေ့တစ်နေ့ချင်းစီမှာ အစီအမံနဲ့ ဖြတ်သန်းပုံစံချရင် လပိုင်း၊ နှစ်ပိုင်းအတွင်း င့ါညီ ကျန်းမာရွှင်လန်းတဲ့ ပျော်ရွှင်စရာဘဝတစ်ခု စနိုင်လာမှာဖြစ်ပါတယ်။ လမ်းလျှောက်ရာမှာ ပင်ပန်းမှု မလွန်ကဲအောင်လည်း အလေးထားဖို့လိုတယ်ဗျ။ ပင်ပန်းလွန်းတဲ့အခါ ဒေါသထွက်တာ၊ စိတ်ရှုပ်၊ စိတ်ကျ၊ နောင်တရ၊ စိတ်အာရုံမစုစည်းနိုင်၊ အိပ်မပျော်၊ ခေါင်းကိုက်၊ နားအူ၊ ခေါင်းမူး၊ ဆံပင်ကျွတ်၊ ဆီးခဏခဏသွား၊ မှတ်ဉာဏ်ချို့ယွင်း၊ ဗိုက်ရွဲတာတွေ ဖြစ်တတ်လို့ င့ါညီဒါတွေကိုလည်း သတိထားပြီး ချိန်ဆတတ်ရမယ်။

ကိုယ်လက်လှုပ်ရှားမလုပ်တဲ့ အန္တရာယ်ဟာ ဆေးလိပ်သောက်တာထက် ဆိုးတယ်လို့လည်း ဆိုကြတယ်။ လမ်းမလျှောက်ရင်တော့ ကြွက်သားအား မရှိခြင်း၊ လည်ပင်းပခုံးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ဝဖိုင့်မှု၊ ကိုယ်ခံအားကျဆင်းမှုတွေ ဖြစ်လာတာဖြစ်လို့ အခုလိုလမ်းလျှောက်တာဟာ စရိတ်စက အနည်းဆုံးနဲ့ ရောဂါကာကွယ်ဆေးတွေ သောက်နေထိုးနေတာနဲ့ အတူတူပဲလို့ လမ်းလျှောက်ဖော်ဦးလေးက ဆိုပါတယ်။

ကျွန်တော်တို့ နေ့စဉ်နံနက်စောစော ခြေလှမ်းတစ်သောင်းစီ လမ်းလျှောက်ကြရင်း လမ်းလျှောက်ခြင်း အကျိုးကျေးဇူးတွေ အများကြီး ပြောဖြစ်ကြပါတယ်။ အခုဆို ပေါင်နှစ်ရာကျော်တဲ့ ကျွန်တော်လည်း ပေါင်တစ်ရာ့ငါးဆယ် ဖြစ်သွားပါပြီ။ စိတ်လက်ကြည်လင်ပြီး ကျန်ရှိနေတဲ့ ဘဝလက်ကျန်အချိန်တွေအတွက် ဆေးထိုး ဆေးသောက် ဆေးရုံ၊ ဆေးခန်းရောက်ရမယ့် အချိန်တွေ အခြေအနေတွေကို အတိုင်းအတာတစ်ခုအထိ ကာကွယ်တားဆီးထားလိုက်နိုင်ပါပြီ။

လမ်းပုံမှန်လျှောက်ရင်း လမ်းလျှောက်သင်ခန်းစာမှသည် ဘဝတစ်ခု တည်ဆောက်နည်းသင်ခန်းစာတွေကိုပါ လက်တွေ့ကျကျ တွေးခေါ်စဉ်းစားတတ်လာပြီလို့ ကိုယ်တိုင်ခံစားနားလည်လာမိပါတယ်။

ငယ်ငယ်ရွယ်ရွယ်၊ ကြီးကြီးအိုအို လမ်းလျှောက်ခြင်းအနုပညာတစ်ခုဖြင့် ကိုယ်စီဘဝတွေကို ရိုးရှင်းစွာ တည်ဆောက်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။ ။

ကိုယ်လက်လှုပ်ရှားမလုပ်တဲ့ အန္တရာယ်ဟာ ဆေးလိပ်သောက်တာထက် ဆိုးတယ်လို့လည်း ဆိုကြတယ်။ လမ်းမလျှောက်ရင်တော့ ကြွက်သားအားမရှိခြင်း၊ လည်ပင်းပခုံးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ဝဖိုင့်မှု၊ ကိုယ်ခံအားကျဆင်းမှုတွေ ဖြစ်လာတာဖြစ်လို့ အခုလိုလမ်းလျှောက်တာဟာ စရိတ်စကအနည်းဆုံးနဲ့ ရောဂါကာကွယ်ဆေးတွေ သောက်နေ၊ ထိုးနေတာနဲ့ အတူတူပဲ။

ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ သင်တန်းဖွင့်လှစ်ပို့ချမှုနှင့် ထပ်ဆင့်ရှင်းလင်းမှု ပုံရိပ်များ

နေပြည်တော် မေ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံတစ်ဝန်း၌ ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်ထိ ၁၈ လကြာ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ပန်းခင်းစီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများအား ရှင်းလင်းပွဲနှင့် သင်တန်းပို့ချခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး (ပန်းခင်းစီမံချက်) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မေ ၁၅ ရက်က သင်တန်းဖွင့်လှစ်ပို့ချပေးစဉ်။ ခရိုင်(ပြန်/ဆက်)

မိုင်းဖြတ်မြို့၌ ပန်းခင်းစီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မေ ၁၄ ရက်က ကျင်းပစဉ်။ သန်းထွန်းအေး(ပြန်/ဆက်)

ကော့ကရိတ်မြို့၌ ပန်းခင်းစီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပွဲကို မေ ၁၄ ရက်က ကျင်းပစဉ်။ စောအောင်မျိုးလွင်(ပြန်/ဆက်)

မင်းလှမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး (ပန်းခင်းစီမံချက်) လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မေ ၁၅ ရက်က သင်တန်းဖွင့်လှစ်ပို့ချပေးစဉ်။ ဇာဇာ(အထက်မင်းလှ)

မိုင်းပျဉ်းမြို့၌ ပန်းခင်းစီမံချက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပွဲကို မေ ၁၄ ရက်က ကျင်းပစဉ်။ မေမွန်ထွဋ်(ပြန်/ဆက်)

ပန်းခင်းစီမံချက်နှင့်အပြိုင် မြို့နယ်လဝကရုံးများတွင်ဆောင်ရွက်နေသည့်လုပ်ငန်းများ

- လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ခြင်း။
- အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/သေဆုံး စာရင်း ဆောင်ရွက်ပေးခြင်း။
- အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ် လဲလှယ် ထုတ်ပေးခြင်း။
- နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး / ပျက်စီးမှုများအား မိတ္တူထုတ်ပေးမှုဆောင်ရွက်ပေးခြင်း။
- အိမ်ထောင်စုလူဦးရေစာရင်းတိုး/လျှော့/ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးခြင်း။
- မွေးသက္ကရာဇ်/ အမည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း။
- နိုင်ငံခြားသားများနှင့်သက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေး ခြင်း၊
- ပြည်သူ့အင်အားဆိုင်ရာ လူဦးရေစာရင်းများဆောင်ရွက်ခြင်း။

လက်ရှိစာတိုဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)

- မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း။
- ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ပြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း။
- မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့ထားပြီး လူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း။
- မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း။
- ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း။
- ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း။

ငါးလုပ်ငန်းဦးစီးဌာနမှ လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံအတွင်း ငါးမျိုးများ စိုက်ထည့်

နေပြည်တော် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ရေလှောင်တမံဧည့်ရိပ်သာ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပေး

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးကောင်ရေတစ်သိန်းနှင့် ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းတို့ကို ငမိုးရိပ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံ စီမံကိန်းသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် မေ ၁၅

တပ်မတော်က ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၀၅၆၅၁ ဦးနှင့် အတွင်းလူနာပေါင်း ၆၂၉၀၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၁၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၈၇၉ ဦး၊ စုစုပေါင်း ၁၄၄၉၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၄၉၆၇ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၃၁၅ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၂၂၈၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၁၅

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

ထိုသို့ ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့်အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၇)ကြိမ်မြောက် ထွက်ခွာ

နေပြည်တော် မေ ၁၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကုသရေးဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး) တွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့က သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါ လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(ဖောင်ကြီး) တွင် (၁၆)ကြိမ်မြောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များပါဝင်သော ၄၁ ဦးနှင့် လဲလှယ်ထမ်းဆောင်ရန် (၁၇)ကြိမ်မြောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

အဆိုပါ တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၌ မေ့ဆေးပါရဂူ လေးဦး၊ ရောဂါဗေဒပါရဂူ နှစ်ဦး၊ ခွဲစိတ်ပါရဂူ တစ်ဦး၊ ဓာတ်မှန်ပါရဂူ တစ်ဦး၊ ဆေးကုသမှုပါရဂူ ခုနစ်ဦး၊ ဆေးမှူးဆရာဝန် ငါးဦး၊ သူနာပြုအရာရှိ ရှစ်ဦး၊ အထက်တန်းသူနာပြု သုံးဦး၊ ဓာတ်ခွဲကျွမ်းကျင် နှစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင် နှစ်ဦး၊ ဆေးဝါးကျွမ်းကျင် နှစ်ဦး စုစုပေါင်း ၃၇ ဦး ပါဝင်ကာ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ဖောင်ကြီး)သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

အကြံနှင့်အတွေး

ပီမိုးနင်း

လူ၏ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် အတွေးအကြံ ကောင်းခြင်း ညံ့ခြင်း၌ တည်လေသည်။

အတွေးကောင်းလျှင် ချမ်းသာ၏။ အတွေး ညံ့လျှင် ဆင်းရဲလေသည်။ အတွေး၌ အလုပ်ပါရမည် လား ပြောရန်မလိုပေ။

သတိတရားကင်းလွတ်

အခြားသောနည်းတို့ဖြင့်လည်း ကြီးပွား ချမ်းသာနိုင်ကြ၏။ သို့သော်လည်း အတွေးအကြံ မကောင်းလျှင် အခြားသောနည်းတို့ကြောင့် ချမ်းသာခြင်းသည် မြင့်ရှည်စွာ မတည်မူ၍ သေးငယ် သောအမှားအယွင်း သတိတရားကင်းလွတ်ခြင်း ကြောင့် အကြီးအကျယ် ပျက်စီးတတ်လေသည်။

လူမိုက်နှင့်ငွေ အတူမနေဟူသော စကားသည် အတွေးများ အကြံများသူကို ဆိုလို၏။

"ကြမ္မာယွင်းယို၊ ပျက်စီးလို၊ အဆိုတခြား အနေမှားသည်"ဟူသော စကားနှင့် ထပ်တူဖြစ် ကြောင်းကို မှားသည်ဟူသော စကားဖြင့် သိသာ လေသည်။

❖ ပျက်စီးဆင်းရဲသူများစွာတို့ကို စစ်ဆေး၍ကြည့်လျှင် အတွေးအကြံ မှားယွင်းမှုကြောင့် ပျက်စီးကြသူတွေ ပိုမိုများပြားကြောင်းသိနိုင်။

❖ ကမ္ဘာ့ရာဇဝင်၌ ထင်ပေါ်ကျော်ကြားသူတို့သည် စဉ်းစားဉာဏ်ကို ထိထိ ရောက်ရောက် အသုံးပြုသူများဖြစ်။

❖ လူတစ်ယောက် ခေါင်းဆောင်ကောင်းဖြစ်ထိုက်၊ မဖြစ်ထိုက်ကို သိလိုလျှင် အဘယ်ဘွဲ့ကို ရသည်၊ အဘယ်တိုင်းပြည်က ပြန်သည်။ အဘယ်စာမေးပွဲ အောင်သည်။ အဘယ်ဘာသာစကား တတ်သည်ကို မကြည့်နှင့် အတွေးအကြံ ဦးရဲ့သစ်ရဲ့လားဟူသော အချက်ကို ကြည့်ရမည်။

"စားလို့မကုန် မှားလို့ကုန်သည်" ဟူသော စကားမှန်ကြောင်းကို မှားဖူးသူများစွာတို့ရှိသဖြင့် သိရလေသည်။

ပျက်စီးဆင်းရဲသူများစွာတို့ကို စစ်ဆေး၍ ကြည့်လျှင် အတွေးအကြံမှားယွင်းမှုကြောင့် ပျက်စီး ကြသူတွေ ပိုမိုများပြားကြောင်း သိနိုင်လေသည်။

သတိသည် အမြဲမှီခိုဆည်းကပ်အပ်သော ဆရာဖြစ်၏။ သတိသည် အမြဲပွင့်အပ်သော စိတ်၏ နား၊ စိတ်၏ မျက်စိပေတည်း။

အကုန်သုံးလေ့မရှိ

လူသတ္တဝါတို့မှာ စဉ်းစားဉာဏ်ကို ရာခိုင်နှုန်း အပြည့်မဆိုထားဘိ ကိုးဆယ်မျှ အသုံးမပြုကြသည် သာများ၏။ ဝီရိယကို အကုန်မသုံးသလို သတိဉာဏ် ကိုလည်း အကုန်သုံးလေ့မရှိချေ။

ကမ္ဘာပေါ်၌ ကျော်ကြားထင်ရှားသူတို့သည် စဉ်းစားဉာဏ်ကို ထိထိရောက်ရောက် သုံးသူများ ဖြစ်ကြ၏။

ရောမဘုရင် ဂျူလီယက်ဆီဇာသည် ရောမကို ပြန်၍မသိမ်းမီ ရူဘီကွန်ခေါ်သော မြစ်ကမ်း၌ မြင်းပေါ်၌ထိုင်ကာ တစ်ညဉ့်လုံးစဉ်းစား၏။ ထိုမြစ် ကို ကျော်ရလျှင် တော်မလား၊ ကျော်မိလျှင် ရောမကိုသိမ်းရမည်ဟူသော မြဲမြံသောစိတ်နှင့် သင့်မသင့်၊ လျော်မလျော်ကို အရဏ်တက်သည့်တိုင် အောင် စဉ်းစားခြင်းပြု၏။ အရဏ်တက်သောအခါ ထိုမြစ်ကို ဖြတ်ကူးလေသည်။ ဤဖြတ်ကူးခြင်းသည် ဘဝကူးခြင်းဖြစ်၏။ အကြောင်းမူကား စစ်ဗိုလ်ချုပ် ကြီးဘဝမှ ရောမအင်ပါယာဘုရင်အဖြစ်သို့ ကူးခြင်းပေတည်း။

ကမ္ဘာ့ရာဇဝင်၌ ထင်ပေါ်ကျော်ကြားသူတို့ သည် စဉ်းစားဉာဏ်ကို ထိထိရောက်ရောက် အသုံးပြုသူများ ဖြစ်ကြလေသည်။

ဘိုးရာဇာသည် စဉ်းစားသူဖြစ်သဖြင့် မြန်မာ ရာဇဝင်၌ အထင်ရှားဆုံးသော ပုဂ္ဂိုလ်ဖြစ်ခဲ့၏။

တရုတ်ပြေးမင်းသည် မစဉ်းမစား စိတ်လိုက် မာန်ပါ ပြုလေ့ရှိသူ ဖြစ်သောကြောင့် မြန်မာရာဇဝင်၌ မြန်မာ့ကျက်သရေဂုဏ်ကို ပျက်စေခဲ့လေရာ ပြေးရာ ရှောင်ရာ၌ပင် သတိတရားမရ၊ မစဉ်းမစား မိဖုရား မောင်းမပေါင်းများစွာတို့ကို ရေသုသာန်တွင် အရှင် လတ်လတ် မြှုပ်နှံရန် ကြံမိလေသည်။

မိုးဇက်၊ မဟာမက်၊ ဆိုကရေးတီး၊ ပလေတို၊ နယူတန်၊ ဒါဝင်၊ ကိုလံဘတ်စ်၊ ဂလက်စတုန်း၊ ဖရန် ကလင်း၊ အီမာဆင်၊ ဘဲလ၊ မာ့စ်၊ ဘာဘာန့်၊ အိုင်းစတိုင်း၊ အယ်ဒီဆင်၊ ဂန္ဒီတို့သည် အတွေးအကြံရသူတွေ ဖြစ်ကြလေသည်။

၎င်းတို့သည် အကြံရဲ၏။ အကြံနက်၏။ အကြံ ဦးသူများဖြစ်ကြလေသည်။ အကြံ မဦးမသစ်၊ အကြံ အရာ၌ ခေါင်းဆောင်မဖြစ်သမျှကို တိုင်းပြည် ခေါင်းဆောင်အစစ် မဖြစ်နိုင်ချေ။

အတွေးအကြံ ဦးရဲ့သစ်ရဲ့လား

လူတစ်ယောက် ခေါင်းဆောင်ကောင်းဖြစ်ထိုက်၊ မဖြစ်ထိုက်ကို သိလိုလျှင် အဘယ်ဘွဲ့ကို ရသည်၊ အဘယ်တိုင်းပြည်က ပြန်သည်။ အဘယ်စာမေးပွဲ အောင်သည်။ အဘယ်ဘာသာစကား တတ်သည်ကို မကြည့်နှင့် အတွေးအကြံ ဦးရဲ့သစ်ရဲ့လားဟူသော အချက်ကို ကြည့်ရမည်။

ယခုမျက်မြင်များစွာသော ငယ်ရွယ်သူ ပညာ တတ်သူ၊ ပညာမတတ်သူတို့အနက် အတွေးတတ်သူ နည်းပါးကြသဖြင့် ကြီးပွားသူလည်း နည်းပါးကြလေ သည်။

တိမ်မြုပ်၍ နေကြရ

စေ့စေ့တွေးလျှင် ရေးရေးပေါ်၏။ စေ့စေ့မတွေး ရေးရေးမပေါ်၊ တမှေးမှေး တမှျော်မှျော် တချော်ချော် နှင့် မပေါ်မထင်၊ ၎င်းတို့ကလည်း မမြင်၊ ၎င်းတို့ကို လည်း မည်သူမျှ မမြင်နိုင်အောင် သိမ်ငယ်ပျောက် ကွယ် တိမ်မြုပ်၍ နေကြရလေသည်။

၎င်းတို့၏ ဦးနှောက်မှာ ပိန်ခြောက်လှီကင်း၊ ဟင်းလင်းခေါင်းပွ၊ သနားဖွယ်ကလေးတွေ ဖြစ်ကြ လေသည်။ စက်တကာ့ စက်ထဲတွင် ဦးနှောက်စက် သည် အသုံးအနည်းဆုံးဖြစ်၏။

ဦးနှောက်ကို မသုံးသဖြင့် ပျက်စီးဆုံးပါးခြင်း များအတွက် ကုန်ကျကြရသည်မှာ ကမ္ဘာပေါ်၌ ရွှေဒင်္ဂါး ကုဋေကုဋာ ရေတွက်၍ မကုန်နိုင်ပေ။

ပျက်စီးခြင်းနှင့် အနှောင့်အယှက် ဘေး အန္တရာယ်တို့မှာ အားလုံးလိုလို ဦးနှောက်အသုံး ချွတ်ယွင်းခြင်းကြောင့်ဖြစ်ကြလေသည်။

ကလေးသည် ကစားခြင်း၌ပျော်သလို လူကြီး သည် စဉ်းစားခြင်း၌ ပျော်ပိုက်ရမည်။

ကလေးသည် လမ်းလျှောက်သင်သလို လူကြီး သည် အတွေးကို သင်ရာ၏။ အားကိုမွေးသူသည် အလေးကို မသလို အတွေး၌ လေ့ကျင့်ရန်လိုသည်။

စာမျက်နှာ ၂၅ သို့ ❍

ဆရာကြီး ပီမိုးနင်း (၁၈၈၃-၁၉၄၀)

ဆရာကြီး ပီမိုးနင်း

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလတစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လက်ခံစပ်မနေသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင်မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်သည်။ ဆရာကြီးသည် ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာမိတ်ဆက် ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်းအမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့်ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့မှ ဖွားမြင်ခဲ့သည်။ ငယ်အမည်မှာ မိုးနှင်းဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် စာပေအရေးအသားဝါသနာပါ၍ "လောဂျစ်" ခေါ် တက်ကျမ်းတစ်စောင်ကို ပြုစုပြီး ထိုကျမ်းလေးကိုရောင်းရန် ဟံသာဝတီသတင်းစာတိုက်သို့ သွားသည်။ သို့ရာတွင် ထိုတိုက် ပိုင်ရှင်သူဌေး မစ္စတာရစ်ပလေက စာမူကိုမဝယ်သော်လည်း ဉာဏ်တာထောက်ထားမှုကြောင့် တစ်လလျှင် ကျပ် ၃၀ ဖြင့် ဘာသာပြန်အလုပ်ကို လုပ်ကိုင်ခွင့်ပေးသည်။

၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန်၌ သုံးဆယ်မြို့တွင် မိတ်ဆွေများ၏ အကူအညီဖြင့် စာပုံနှိပ်စက်ထောင်ကာ "မြန်မာ့မိတ်ဆွေမဂ္ဂဇင်း" ကို ထုတ်ဝေခဲ့သည်။ စစ်ဒဏ်ကြောင့် စက္ကူများ လုံလောက်စွာမရ၊ ဈေးနှုန်းကလည်း အဆမတန် ကြီးလေးလာ၍ မဂ္ဂဇင်းထုတ်ဝေခြင်းကို ရပ်စဲပြီး ရန်ကုန်မြို့သို့ အလုပ်ရှာရန်သွားခဲ့သည်။ ရန်ကုန်မြို့ သူရိယသတင်းစာတိုက်တွင် စစ်သတင်းများကို ဘာသာပြန်ဆိုရေးသားသည့်ဘက်၌ အလုပ်ရ၏။ ယင်းနောက် မြန်မာ့အလင်းသတင်းစာတိုက်၊ ထိုမှတစ်ဖန် သူရိယသတင်းစာတိုက်သို့ သံသရာလည်လာပြန်သည်။

ထို့ပြင် ဆရာကြီးပီမိုးနင်းသည် ပညာအလင်းသတင်းစာ၌ "ပိုက်ဆံကြီး" အမည်ဖြင့် ဆောင်းပါး များကိုလည်းကောင်း၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြ စသော ဝတ္ထုရှည်ကြီးများကို လည်းကောင်း ရေးသားခဲ့သည်။ သို့ရာတွင် ပညာအလင်း၌လည်း များစွာမကြာအလုပ်မှထွက်ပြီး "အောင်တော်မူ" တနင်္ဂနွေတစ်ပတ်လျှင် တစ်ကြိမ်ထုတ် ဝတ္ထုလေးများကို ထုတ်ဝေပြန်သည်။ ဝတ္ထုစာအုပ်လေး ၁၄ အုပ်ထုတ်ပြီး အကျိုးမပေး၍ ရပ်စဲလိုက်ရသည်။

ဤသို့အားဖြင့် "စာရေးဆရာ၏နိမ့်တုံ၊ နိမ့်တုံဘဝ" ဖြင့်ပင် ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ် တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဗန္ဓုလဂျာနယ်တွင် ခေတ္တခဏမျှ ဝင်ရောက်လုပ်ကိုင်စဉ် ပိုင်ရှင်များက ဗန္ဓုလသတင်းစာနှင့် ဗန္ဓုလရုပ်ရှင်တို့ကိုပါ တိုးတက်ချဲ့ထွင်လိုက်ရာ ဦးကျော်ညွန့်၏သားဖြစ်သူ မောင်ကျော်စိုးက ရှေးဦး ပထမ "ချစ်တဲ့သူရယ်" ဇာတ်ကားတွင် ဇာတ်လိုက်အဖြစ် ပါဝင်ရိုက်ကူးသည်။ ထိုအခါ ကိုယ်တိုင်ကိုယ်ကျ ဒါရိုက်တာအဖြစ် သင်ကြားပြသခဲ့သည်။ ထို့နောက် သားဖြစ်သူမောင်ကျော်စိုးက ဗြိတိသျှဘားမား ရုပ်ရှင်သို့ရောက်သွားပြန်၍ "တစ်ကိုယ်တော်" ဇာတ်ကားကို ရိုက်ကူးသည့်အခါ အကူအညီပေးခဲ့ရသည်။ ထို့နောက် "ဆယ်နာရီ" ဇာတ်ကားကိုရိုက်ကူးနေစဉ်အတွင်း သားမောင်ကျော်စိုးမှာ လူမသမာသူ တစ်ဦး၏ခားချက်ကြောင့် အသက်သေဆုံးခဲ့ရသည်။ သားသေဆုံးပြီးနောက် အလုပ်မှထွက်ခဲ့သည်။ သားနှင့်ဇနီးဆုံးပါးသွား၍ ကျန်သားသမီးတို့ကို ဇနီး ဒေါ်စိန်တင့်၏ ဆွေမျိုးများရှိရာ ဓနိဗြူ့သို့ သွားရောက်အပ်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လာကာ ဝါသနာရှိရင်းစွဲအတိုင်း ဆောင်းပါးဝတ္ထုများရေး၍ ဝမ်းကျောင်းရရှာပြန်သည်။

'မောင်ကျော်' ကလောင်အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် 'ပိုက်ဆံကြီး'ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်းအမည်ဖြင့် ထင်ရှားသည်။ "ခင်ထား၊ ပင်လယ်ကူးဓာတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြသွာ၊ သင်းတို့အကြံ" ဝတ္ထုများရေးသားခဲ့သည့်အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများအပါအဝင် နိုင်ငံရေးရာ ဆောင်းပါးများ၊ စာပေဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ အင်္ဂလိပ်ဘာသာသင် အထောက်အကူပြုဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

○ စာမျက်နှာ ၂၄ မှ

"မြန်မာမှာ အတွေး၊ ရှမ်းမှာအပြေး" ဟူသော စကားအတိုင်းမှန်လျှင် မြန်မာလူမျိုးသည် ယခု လောက်သိမ်ငယ်ကြမည်မဟုတ်။ မြန်မာ့စည်းစိမ် ဥစ္စာတွေ ယခုလောက် လက်ကူးလက်ပြောင်းဖြစ်ဖို့ မရှိ။ မြန်မာအလုပ်အကိုင်တွေ ယခုလို ပျက်စီးဖို့မရှိ။ မြန်မာအသင်းတွေ ဆုတ်ယုတ်ဖို့မရှိ။ ဂျီ-စီ-ဘီ-အေ နှင့် ခေါင်းဆောင်တွေ ကွဲပြားဖို့မရှိကြပေ။

သင်ကြားရန် အထူးလို

လောဂျစ်နည်းကျစွာ မှန်ရာကို မြင်အောင် တွေးတတ်သောအတတ်ကို မြန်မာလူမျိုးတို့ သင်ကြားရန် အထူးလို၍နေလေသည်။

သို့သော်လည်း အတွေးမတတ်ခြင်းထက် မတွေးဘဲနေခြင်းက ပိုမို၍ ဆိုးလေသည်။ မြန်မာ လူမျိုးများမှာ မတွေးဘဲ စိတ်လိုက်မာန်ပါ လုပ်သည်သာ များကြလေသည်။

ဆုံးဖြတ်ခြင်းကို မစဉ်းစားမီ ပြုတတ်ကြလေ သည်။ အထင်ကို ဒိဋ္ဌပိုင်နိုင်သောအသိဟု စွဲမှတ် တတ်ကြ၏။ အထင်ကို အဟုတ်အမှန် လုပ်တတ် ကြလေသည်။

"မုန်းလျှင် အပြစ် - ချစ်လျှင် အကျိုး" ဟူသော သဘောမျိုးဖြင့် ရှိရင်းစွဲစိတ်၏ဆောင်ရာသို့ လိုက်ပါ၍ ဆုံးဖြတ်ချက်ကို ချတတ်ကြလေသည်။

အတွေးအယူ၌ သမာသမတ်စိတ် ကင်းလွတ် တတ်ကြလေသည်။ အမြော်အမြင် ကျဉ်းမြောင်း လျက် စိတ်သဘောကို ကျယ်စွာထား၍ စဉ်းစားခြင်း မပြုတတ်ကြချေ။

ပုဂ္ဂိုလ်ကိုစွဲခြင်း၊ ဘာသာကိုစွဲခြင်း၊ မျိုးရိုးကို စွဲခြင်း၊ အယူကိုစွဲခြင်း၊ ထုံးစံကိုစွဲခြင်း၊ အစဉ် အလာကိုစွဲခြင်း၊ နိမိတ်ကိုစွဲခြင်း၊ မိရိုးဖလာကို စွဲခြင်း၊ စုန်းကို ရိုးခြင်း၊ နတ်ကို ကိုးခြင်း၊ ဂုဏ်ကို လိုက်ခြင်း၊ ငါ့ဆရာ ငါ့ဘုန်းကြီးဟု စွဲခြင်း၊ ပါတီကို စွဲခြင်း၊ ဇာတိကို စွဲခြင်း၊ မင်္ဂလာကို စွဲခြင်း၊ အမင်္ဂလာ ကို စွဲခြင်း၊ နေ့ကိုစွဲခြင်း၊ ရက်ကို စွဲခြင်း၊ ဂြိုဟ်ကို စွဲခြင်း၊ သရဲတစ္ဆေကို စွဲခြင်း၊ အိပ်မက်ကို စွဲခြင်း၊ ပုဏ္ဏားကို စွဲခြင်း၊ ဗေဒင်ကို စွဲခြင်း၊ ငှက်ကို စွဲခြင်း စသည် အစွဲတို့သည် မြန်မာလူမျိုး၏ ကြီးပွားရာ လမ်း၌ အမှိုက်သရိုက် ဒိုက်သရောပမာ ထွေးရှုပ်၍ နေကြလေသည်။

အပေါ်ယံကို လိုက်စားခြင်း

အပြင်အပ အပေါ်ယံကို လိုက်စားခြင်းကား ဥရောပတိုင်းသားများ၏ အလေ့ဖြစ်လေရာ အမြင် ဖြင့် ဆုံးဖြတ်ခြင်းအလေ့သည် မြန်မာလူမျိုးကို ကူးစက်၍နေလေသည်။

အပြစ်ကိုပြသူအား မုန်းတတ်ကြ၏။ ကျေးဇူး တင်ရန်သင့်လျက် မတင်တတ်ကြချေ။

အမျိုးကိုထိလျှင် မခံချင်သောစိတ်သည် ကောင်း၏။ အမှားအပြစ် ဖော်ပြခြင်းကိုကား စိတ်မဆိုးသင့်ချေ။

မိန်းမ၏ အထင်အမြင်ဟူသမျှကို မပစ်ပယ်အပ် ပေ။ မိန်းမသည် အသက်မွေးခြင်း၌ အကြီးဆုံးသော ပါတနာဖြစ်၏။ မယုံလျှင် မပေါင်းဘဲနေဖို့သာရှိ၏။ မတိုင်ပင်ဘဲကား မနေအပ်ပေ။

ဘာသာကွဲသူကို ရှုတ်ချခြင်းသည် လွန်စွာ မှား၏။ ဘာသာကွဲသောကြောင့် ဆိုးသွမ်းသူဖြစ်ရ တော့မည်လား။ ဘာသာကွဲသော်လည်း လူကောင်း ဖြစ်နိုင်၏။ လူကောင်းကို ပေါင်းရမည်။

လွန်စွာအရေးကြီး

ပေါက်ရောက်စွာ တွေးကြံခြင်း၌ အောက်ပါ အချက်များ လွန်စွာအရေးကြီးလေသည်။

ထိုအချက်များကား ရည်ရွယ်ချက်ရှိအပ်ခြင်း၊ စူးစိုက်စွာ ဆင်ခြင်ခြင်း၊ ဆိတ်ငြိမ်သောနေရာကို ရှာခြင်း၊ စိတ်မလေမလွင့်ခြင်း၊ ရှာဖွေနှိုက်ချွတ်ခြင်း၊ ကြံစည်သောအကြောင်းအရာနှင့် ဆိုင်ရာအသိပညာ အခြေခံရှိအပ်ခြင်း၊ အတွေးအကြံ၌ စည်းကျခြင်း၊ စေ့စပ်သေချာခြင်း၊ ရိုးမတ်ခြင်း၊ ကျန်းမာခြင်း၊ ရဲရင့်ခြင်း၊ စိတ်နှလုံး ငြိမ်သက်ခြင်း၊ လွတ်လပ်ခြင်း၊ မိမိကိုယ်ကို အားကိုးခြင်း၊ စွဲမြဲခြင်း၊ အထပ်တလဲလဲ ကြံခြင်း၊ သတိထား ဆင်ခြင်ခြင်း၊ တွေးကြံသောအရာ ၌ ပျော်ပိုက်ခြင်း၊ ကိုယ်ပိုင်ဉာဏ်ရှိခြင်း ဤအချက်များ ဖြစ်ကြလေသည်။ ထိုအချက်များအနက် တစ်စုံ တစ်ရာလိုလျှင် အဘယ်မှာရှာရမည်နည်း။

တွေးကြံခြင်းသည် အမှန်သို့ရောက်ဖို့ရန် စိတ်အလုပ်ကိုလုပ်ခြင်းဖြစ်လေသည်။ ထိုစိတ် အလုပ်ကား မိမိသိပြီး မှတ်ပြီးသောအရာတို့ကို နှိုင်းယှဉ်ခြင်း၊ အရာတစ်ခုကို သိရသဖြင့် အကျိုး အကြောင်းဆက်သွယ်ကာ အခြားအရာတစ်ခု ပေါ်ပေါက်ခြင်း၊ အမှတ်သညာထားခြင်း၊ စူးစမ်းခြင်း၊ ဆင်ခြင်ဖန်များသဖြင့် အလိုအလျောက် စိတ်၌ ပေါ်ပေါက်ခြင်း စသည်များဖြစ်ကြလေ၏။

အကျိုးကို ခံစားရမည်

အကယ်၍ ကြီးပွားရန် ရည်ရွယ်ချက်တစ်ခုကို ထား၍ ဤစိတ်အလုပ်များ၏ အစီအစဉ်ကို မပျက်စေ ဘဲ မှန်စွာထားချေက အကျိုးကို ခံစားရမည် အမှန် ဖြစ်လေသည်။

ဤလောကအလုပ်သည် ကံတိုက်အနီထောင် ဝိုင်းကြီးမဟုတ်၊ ကြံစည်၍ လုပ်ရသော လောက ဖြစ်ရာ ကြံဖို့မလိုလျှင် ကြံစည်သောစဉ်းစား ဉာဏ်ကိုပင် လူသတ္တဝါတို့မှာ ရှိဖို့လိုမည် မဟုတ်ပေ။

ထိုကဲ့သို့ အမှန်ကိုရောက်အောင် တွေးကြံ တတ်သူများချေက ကျန်းမာခြင်း၊ အောင်မြင်ခြင်း၊ စိတ်ချမ်းသာခြင်းတို့ကို လူဟူသမျှ ရရှိခံစားကြရ မည်မလွဲ ဖြစ်လေသည်။

ဆင်းရဲဒုက္ခဟူသမျှမှာ ဦးနှောက်ဉာဏ်ကို အသုံးများခြင်းမပြုဘဲနေခြင်းကြောင့် ဖြစ်ပေါ် တွေ့ကြုံရခြင်း ဖြစ်လေသည်။

ကံမရှိ ဉာဏ်ရှိတိုင်းမွဲသည်ဟူသော စကား လည်းရှိ၏။ ထိုစကားသည် များစွာမှား၏။ အကြောင်းမူကား ကံမရှိသောလူများမှာ အများအား ဖြင့် ဉာဏ်လည်းကင်းမဲ့တတ်ကြ၍ သတိလည်း ယုတ်လျော့နည်းပါးတတ်သည်ကိုသာ အများအား ဖြင့် တွေ့ရှိရလေသည်။ ထိုစကားသည် သတိဉာဏ် နည်းပါးသူများ မိမိတို့၏ အရှက်ကိုဖုံးကွယ်ရန် သုံးသောစကားဖြစ်လေရာ စံဖဲကို မိအောင် မဖမ်းနိုင် ကြသောကြောင့် စံဖဲသည်သေနတ်ပြီးသည်၊ ကိုယ်ပျောက်သည်ဟူသော မဟုတ်စကားတွေကို လုပ်ကြံ၍ပြောသော ပုလိပ်သားအချို့နှင့် များစွာ တူကြလေသည်။ ၎င်းတို့သည် မိမိတို့ကိုယ်တိုင် ညံ့ဖျင်းသမျှကို ပပျောက်အောင် ကံတည်းဟူသော စံဖဲ၏ တန်ခိုးသတ္တိတွေကို မိုးထိအောင် မြှောက်ကြ ခြင်း ဖြစ်လေသည်။

စဉ်းစားဉာဏ်ကိုသုံးသဖြင့် ကြီးပွားခြင်း ရောက်သူတို့၏ နမူနာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

စိတ်အကြိုက်ကိုတွေးလေ့မရှိခြင်း၊ ဆိုင်ရာကို တိုင်ပင်တတ်ခြင်း၊ စုံစမ်းခြင်း၊ ကျယ်ကျယ်ကြည့် လျက် စိပ်စိပ်တွေးခြင်း၊ အဟောင်းကိုလည်းမပယ်၊ အသစ်ကိုချည်းလည်း မဖက်၊ မျှတစွာ သဘော ထားခြင်း။

ပြောဆိုကျင့်ကြံ

ဟောင်းသောကြောင့် အကောင်းမထင်၊ လက်သစ်ဟူ၍လည်း ရှောင်ကြဉ်ခြင်းမပြုခြင်း၊ စကားမများခြင်း၊ လူဟူသမျှ ကိုးစားယုံကြည်အောင် ပြောဆိုကျင့်ကြံခြင်း။

အကျိုးအပြစ်ကို ပြောရာ၌ အကြံပေး ဉာဏ်ပေး မကင်းမလွတ် အားတက်မျှော်လင့်ဖွယ်ဖြစ်အောင် အကျိုးအပြစ်ကို ပြတတ်ခြင်း၊ အစွဲမသန်ခြင်း၊ သူ့ဘက်ငါ့ဘက် မလိုက်စားခြင်း၊ စူးစိုက်စွာ စဉ်းစား ခြင်းဖြင့် အလိုလို အထင်အမြင်ပေါက်သည်နှင့် တူသောဉာဏ်ကိုရခြင်း၊ လွန်စွာလည်း စိတ်ချ စိတ်လည်းမပျက်ခြင်း၊ အတွင်းကိုသာမဟုတ် အပြင်ကိုပါ ကြည့်ပါ။ အခက်အခဲတို့ကို မကြောက် မရွံ့ တာဝန်ကို ဆောင်နိုင်ခြင်း။ ငွေကို လိမ္မာစွာသုံး၍ စုဆောင်းခြင်း အလေ့ရှိခြင်း။

သူ့အကျိုး ကိုယ့်အကျိုးအတွက် အကောင်း ဆုံးသောနည်းကိုရအောင် ရှာကြံတတ်ခြင်း၊ သူတစ်ပါးနှင့်ဆက်ဆံရာ၌ထောက်ထားညှာတာစွာ၊ သူ့အဖို့ကိုလည်း သိတတ်ခြင်း၊ ဆင်းရဲဒုက္ခတွေ့ သည့်အခါ ကြီးပွားခြင်းနည်းလမ်းကို တိုး၍ သိမြင် သောအမြင်ဉာဏ်ကိုရခြင်း၊ ဆင်းရဲဒုက္ခ တွေ့သည့် အခါ ညည်းတွားငြီးငြင်ခြင်းမရှိခြင်း၊ ဤနည်းလမ်း များ ဖြစ်ကြလေရာ စာဖတ်သူ၌ ထိုနည်းလမ်းများ ရှိသည်၊ မရှိသည်ကို သတိနှင့် စစ်ဆေးရန်သာ လိုပေတော့မည် ဖြစ်ပေသတည်း။ ။

ကဝိတံခွန်၊ စက်တင်ဘာလ၊ ၁၉၉၃ ခုနှစ်။

○ တိုကျိုအိုလံပစ်မှ

စင်ကာပူ အိုးပင်းပြိုင်ပွဲတို့ကို ဖျက်သိမ်းခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် လက်ရည်စစ်ပွဲကာလ အတွင်း ထပ်မံကျင်းပမည့်ပြိုင်ပွဲ မရှိတော့ဘဲ ယခင်ယှဉ်ပြိုင်ထား သည့်ပြိုင်ပွဲများမှ ရမှတ်များကိုသာ တွက်ချက်သွားမည် ဖြစ်ပြီး အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်ရသည့် ကစားသမားစာရင်းကို ဇွန် ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသွား မည်ဖြစ်သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲ ဝင်ခွင့် ရရန် ကြိုးပမ်းနေသည့် မြန်မာ ကြက်တောင်မယ်သက်ထားသူဇာ သည် မလေးရှားအိုးပင်းပြိုင်ပွဲနှင့် စင်ကာပူအိုးပင်းပြိုင်ပွဲ တို့တွင် ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ပျက်ပြယ်ခဲ့သည်။ သက်ထားသူဇာ သည် မေ ၁၁ ရက်က ထုတ်ပြန် သည့် အိုလံပစ်ဝင်ခွင့်အတွက် အဆင့်သတ်မှတ်ချက်တွင် ၂၉ နေရာ၌ ရပ်တည်နေသည်။ သက်ထားသူဇာသည် ကပ်ရောဂါ ကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်ကာ ပြိုင်ပွဲများယှဉ်ပြိုင်ရခြင်း မရှိတော့ချေ။ **ကိုညီလေး**

❒ ဖာရန်တောရက်စ်မှ

နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ မန်စီးတီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၂၃ ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တာဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်းက အဝေးကွင်း ၂၂ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်ခဲ့တဲ့ နော့ကောင်တီအသင်းရဲ့ စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအတွက် ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖာရန်တောရက်စ်ကတော့ နည်းပြဂွါဒီယိုလာ လက်ထက်မှာ မန်စီးတီးအသင်းနဲ့အတူ ဟက်ထရစ်သွင်းယူ နိုင်ခဲ့တဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင် ခဲ့ပြီး လက်ရှိမှာ ဖာရန်တောရက်စ်ရဲ့ အသက်ဟာ ၂၁ နှစ်နဲ့ ၇၅ ရက်သာ ရှိသေးတာဖြစ်ပါတယ်။ အရင်ကတော့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက ရှက်ခ်တာဒိုးနက်စ်အသင်းနဲ့ ပွဲစဉ်မှာ ဂါဘရီယယ်ဂျီးဆပ်က အသက် ၂၁ နှစ်နဲ့ ၂၁၈ ရက် အရွယ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်လူငယ်ကစားသမား ဂျိုးဝီလ်ကော့က လည်း နယူးကာဆယ်အသင်းနဲ့အတူ ပရီမီယာလိဂ်ငါးပွဲ ဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ အသက်အငယ်ဆုံးကစားသမား အဖြစ်မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ မန်စီးတီးအသင်းက လက်စတာစီးတီးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်ပြီးချိန်ကတည်းက ပရီမီယာလိဂ်ချန်ပီယံ ဆုဖလားကို စောစီးစွာဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ပြည်တွင်း ဖလားတစ်လုံးဖြစ်တဲ့ ကာရာဘောင်ဖလားကိုလည်း ရယူ ထားနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ လက်ရှိမှာ ပရီမီယာ လိဂ်ဖလားနဲ့ ကာရာဘောင်ဖလားတို့ကို ရယူဆွတ်ခူးထားနိုင် ခဲ့ပြီး မေ ၂၉ ရက်မှာ ချယ်လ်ဆီးအသင်းနဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်ကစားရမှာဖြစ်တာကြောင့် ချန်ပီယံ လိဂ်ဖလားကိုပါ ရယူဆွတ်ခူးနိုင်မယ့်အသင်းအဖြစ် ရေပန်းစား နေတာဖြစ်ပါတယ်။

ငွေကြယ်

❂ အာရှအမျိုးသမီးမှ

ဩစတြေးလျ၊ တရုတ်နိုင်ငံတို့မှ လိဂ်ချန်ပီယံအသင်းများဖြင့် ကျင်းပခဲ့ပြီး ယခုနှစ်တွင်မူ ယင်းအသင်းများမပါဝင်ဘဲ အသင်း သစ်များဖြင့် ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်အုပ်စုတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ် (တိုင်ပေ)ကလပ်အသင်းများ၊ အနောက်အာရှဇုန်အုပ်စုတွင် ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ အီရန်နှင့် ဂျော်ဒန်လိဂ်ချန်ပီယံ အသင်းများ ပါဝင်မည်ဖြစ်ပြီး အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲကျင်းပမည့်အပေါ်မူတည်၍ ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ် တွင် အမျိုးသမီးလိဂ်ပြိုင်ပွဲကျင်းပနိုင်ခြင်း မရှိသေးပါက နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ် တွင် ဗိုလ်စွဲထားသည့်အသင်းကို စေလွှတ်ရဖွယ်ရှိနေသည်။

မြန်မာနိုင်ငံ၏ အမျိုးသမီးလိဂ်ပြိုင်ပွဲကို သုံးကြိမ်သာ ကျင်းပရသေးပြီး ၂၀၁၆-၂၀၁၇ ရာသီနှင့် ၂၀၁၇-၂၀၁၈ ရာသီ တွင် မြဝတီအသင်း၊ ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံ အသင်းတို့ ဗိုလ်စွဲထားသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်း အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်လျက်ရှိပြီး ကလပ်အသင်းပြိုင်ပွဲများ တိုးမြှင့် ကျင်းပရန် ဆောင်ရွက်လျက်ရှိသည်။ **ကိုညီလေး**

လေးမျက်နှာမြို့နယ်၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (မြစိမ်းရောင်စီမံကိန်း) ဒုတိယအကြိမ်မြောက် ပြန်လည်ထုတ်ချေး

လေးမျက်နှာ မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စာရေးကွင်းအုပ်စု စစ်ကုန်းကျေးရွာရှိ ကျေးလက်နေ ပြည်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပြန်လည်ထုတ်ချေးပေးခဲ့

စာရေးကွင်းအုပ်စု စစ်ကုန်းကျေးရွာ၌ စိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၅၅ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့်သူ ၂၈ ဦး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူ ခြောက်ဦး စုစုပေါင်းစီမံကိန်းအသင်းဝင်ပေါင်း ၈၉ ဦးအတွက် ငွေကျပ် ၃၀၅ ဒသမ ၅ သိန်းအား စီမံကိန်း လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ဒုတိယ အကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဝေဝေ(လေးမျက်နှာ)

တောင်ငူမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းများသို့ ၁၀၇ မမရှော့တိုက်ဒုံးဖြင့် နှောင့်ယှက်ပစ်ခတ်

နေပြည်တော် မေ ၁၅
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းတို့ကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ခေါင်းဆောင်နှင့် အင်အား(စိစစ်ဆဲ) အကြမ်းဖက်သူများက ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်မှုများပြုလုပ်ခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် တောင်ငူမြို့ နယ်မြေခံတပ်ရင်း၏ အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် တစ်လုံး ကျရောက်သော်လည်း ပေါက်ကွဲမှုမရှိကြောင်းနှင့် နယ်မြေခံလေတပ်စခန်းဌာနချုပ်မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ၊ မီတာ ၂၀၀ ခန့်အကွာနှင့် မီတာ ၃၅၀ ခန့်အကွာနေရာတို့၌ တစ်လုံးစီ ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သူများ ဝင်/ထွက်သွားလာနိုင်သည့် လမ်းကြောင်းနှင့်နေရာများအား ပိတ်ဆို့ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီခွဲခန့်တွင် အိုင်စောက်ကျေးရွာ၏ အရှေ့ဘက်မီတာ ၁၃၀၀ ခန့်အကွာ လယ်ကွင်းအစပ် ခြုံတန်းတစ်လျှောက်၌ ၁၅ ပေခန့်အကွာနေရာ ခြောက်နေရာ၌ ဖွဲ့အိတ်ပေါ်တွင် အရှည် နှစ်ပေခွဲခန့်ရှိ လေးလက်မပိုက်ခွဲခြမ်း တစ်ခုစီပေါ် ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံးစီဖြင့် စုစုပေါင်း ခြောက်လုံးအားထားရှိကာ ဝိုင်ယာကြိုးအရှည် ပေ ၉၀ ဖြင့် ဆက်သွယ်၍ 100 W ဘက်ထရီအိုး တစ်လုံး၊ ဒရစ်ပုလင်း တစ်လုံး၊ ဝါးညှပ်ခလုတ် တစ်ခုတို့ဖြင့် ချိတ်ဆက်ကာ ရေချိန်ဖြင့် ချိန်ကိုက်ပြုလုပ် ပစ်ခတ်ခဲ့သည်ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆောင်ရွက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခရမ်းမြို့နယ်၌ အကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် မေ ၁၅
နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုများကြားတွင် အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်ကာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ အေးချမ်းစွာသွားလာနေသော အပြစ်မဲ့ပြည်သူတစ်ဦးအား အကြမ်းဖက်သမားများက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၃)ရပ်ကွက်တွင်နေထိုင်သော ကျော်မြင့်နိုင်(ခ)မင်းမင်း (ဘ)ဦးတင်ရွှေသည် (၃)ရပ်ကွက် အောင်သစ္စာလမ်းမှ ဦးညီလှလမ်းသို့ ဆိုင်ကယ်မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ အကြမ်းဖက်သမား နှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ သေနတ်ဖြင့် ခြောက်ချက်ခန့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါ ကျော်မြင့်နိုင်(ခ)မင်းမင်းသည် အခင်းဖြစ်ပွားရာနေရာ၌ ဝဲဘက်ရင်အုံ၊ ယာဘက်ရင်အုံ၊ ဝမ်းဗိုက်၊ ယာလက်ဖျံ၊ ဝဲလက်မောင်းရင်းနှင့် မီးညှောင့်ရိုးတို့တွင် သေနတ်ဒဏ်ရာများ ရရှိလျက် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် ဒေသအတွင်း ဆူပူအကြမ်းဖက်မှုကို ရေးရှုပြီး ပြည်သူများ အကြောက်တရားလွှမ်းမိုးစေရန် အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခဲ့သော အကြမ်းဖက်သမားများကို တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လက်လုပ်သေနတ်နှင့် တူမီးသေနတ်များ အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

နေပြည်တော် မေ ၁၅
တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်း မရှိဘဲ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် မေ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်သေနတ် ၄၄ လက်ကိုလည်းကောင်း၊ နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တူမီးသေနတ် ငါးလက်ကို လည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

သိမ်းဆည်းထားရှိ

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်း မရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၁၅
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့ အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာအတွင်းရှိ အိမ်ထောင်စု ၂၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အပြစ်မဲ့ပြည်သူများကို ဒလန်ဟု စွပ်စွဲတိုက်ခိုက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ရန်ပြုသူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅
ဆူပူအကြမ်းဖက်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် တရားမဝင် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်၍ အေးချမ်းစွာနေထိုင်လိုကြသော အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားပြီး ဒလန်ဟု စွပ်စွဲတိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ရန်ပြုတိုက်ခိုက်ခြင်းများအား လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည်။

ဒလန်မိသားစုဟု စွပ်စွဲ

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၁၄ ရက် ညနေ ၆ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူများက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၂၀) ရပ်ကွက် ဝေပုလ္လလမ်းတွင် နေထိုင်သော ဒေါ်သန်းဌေးနှင့် မိသားစုများကို ဒလန်မိသားစုဟု စွပ်စွဲကာ ဆဲဆိုကြိမ်းမောင်းခြင်း၊ လေးခွဖြင့် ပစ်ခတ်ခြင်း၊ ဓားများဖြင့် ထိုးခုတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ထိန်းသိမ်းခဲ့ရာ အဆိုပါ အကြမ်းဖက်သူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွများ၊ ဓားများဖြင့် ပြန်လည်ရန်ပြုတိုက်ခိုက်ပြီး ကုလားကြီးစုကျေးရွာ မှတ်ဆလင်သင်္ချိုင်း အနောက်ဘက်လယ်ကွင်းဘက်သို့ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါအဖွဲ့မှ ထပ်မံ၍ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် မီးရှို့နေခြင်း၊ ဓားများဖြင့်ခုတ်ရန် ကြံဆောင်လာခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အဆိုပါ ဆူပူအကြမ်းဖက်သူ လူအုပ်စုထဲမှ တိုးတက်ထက်မြတ်အောင် (ဘ)ဦးအောင်ကျော်ဦး၏ ဝဲဘက်ပေါင်နှင့် ခြေမျက်စိတွင် (၁၂)ဗို့ကျည်ထိမှန်ဒဏ်ရာဖြင့် လည်းကောင်း၊ လင်းလင်းထက် (ဘ) ဦးအေးကို၊ ရိန်းပိုင်ဦး (ဘ)ဦးအောင်မျိုးဦး၊ ဝင်းနိုင်ထွေး (ဘ) ဦးမောင်ခိုင် တို့အား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့နှင့်အတူ လက်လုပ်ဗုံးမျိုးစုံ လေးလုံး၊ ဓား နှစ်ချောင်း၊ ပြုပြင်ထားသော ကတ်ကြေး တစ်လက်၊ လေးခွ တစ်လက်တို့အား သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဆူပူအကြမ်းဖက်အုပ်စုတွင် ပါဝင်သူ ဇော်မြင့် (ဘ) ဦးကျော်ခင်မှာ ထွက်ပြေးတိမ်းရှောင်သွား ခဲ့ကြောင်း သိရသည်။

ထိရောက်စွာ အရေးယူနိုင်ရေး

အထက်ပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သော တိုးတက်ထက်မြတ်အောင်အား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဖြစ်စဉ်အတွင်း ပါဝင်ခဲ့သူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖

အနုပညာ

အေးပြည့် - ရေးသားသည်

စံချိန်သစ်တင်လိုက်တဲ့ NCT Dream

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ NCT Dreamဟာ လတ်တလောမှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ အောင်မြင်မှုမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်အောက်မှာ လှုပ်ရှားနေတဲ့ အဖွဲ့တွေရဲ့ ထွက်ရှိခဲ့သမျှသော တေးအယ်လ်ဘမ်တွေအနက် စတင်ထုတ်လွှင့်တဲ့သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်ဖြစ်လာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၄ ရက်မှာ NCT Dream အနေနဲ့ အေဂျင်စီအတွက် မှတ်တမ်းသစ်ရယူပေးနိုင်ခဲ့တာဖြစ်ပြီး အဆိုပါစံချိန်ကို စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်အတွင်း ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ မေ ၁၅ ရက်အထိ အဆိုပါ တေးဂီတအဖွဲ့ဟာ တေးအယ်လ်ဘမ်ပေါင်း ၈၆၈၀၀၀ ကျော် ရောင်းချခဲ့ရပြီး ဖြစ်ပါတယ်။

ယခင်က အက်စ်အမ်အင်တာတိန်းမန့်ရဲ့ ပထမသီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်အဖြစ် အမျိုးသားတေးဂီတအဖွဲ့ EXO ရဲ့ Don't Mess Up My Tempo က နေရာယူထားတာဖြစ်ပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာ ပထမသီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၇၉၀၀၀၀ ရောင်းချခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုလို စံချိန်သစ်တင်နိုင်ခဲ့တဲ့ NCT Dream ရဲ့ တေးအယ်လ်ဘမ်ဟာ တောင်ကိုရီးယား ကေပေ့ါပ်တေးသံရှင်တွေရဲ့ ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်တွေအနက် ပထမသီတင်းပတ်အတွင်း ခုနစ်ခုမြောက် ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

ဒုတိယအကြိမ်မြောက် Vogue မဂ္ဂဇင်းမျက်နှာဖုံးရှင်ဖြစ်လာတဲ့ Black Pink

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ဟာ ကိုရီးယားနိုင်ငံထုတ် Vogue မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ထပ်မံဖော်ပြခဲ့ပြီး လတ်တလောမှာ မျက်နှာဖုံးဓာတ်ပုံတွေကို အဆိုပါ မဂ္ဂဇင်းက ထုတ်ဖော်ပြသခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Black Pink ဟာ ၂၀၂၀ ပြည့်နှစ် မတ်လထုတ် Vogue Korea မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ပထမဆုံးအကြိမ်ဖော်ပြခံခဲ့ရပါတယ်။ ဒါဟာ အဆိုပါမဂ္ဂဇင်းအနေနဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ကို ပထမဆုံးအကြိမ်အဖြစ် မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးခဲ့တာပါ။

၂၀၂၁ ခုနှစ် ဇွန်လထုတ် Vogue Korea ရဲ့ မျက်နှာဖုံးရှင်အဖြစ် Black Pink ကို ဖော်ပြခဲ့ပြီးနောက် အဆိုပါတေးဂီတအဖွဲ့ဟာ Vogue Korea ရဲ့ မျက်နှာဖုံးမှာ နှစ်ကြိမ်ပါဝင်ခွင့်ရတဲ့ အမျိုးသမီးကေပေ့ါပ်တေးဂီတအဖွဲ့အဖြစ် မှတ်တမ်းသစ်ရယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ လတ်တလော ထုတ်ဖော်ပြသခဲ့တဲ့ မျက်နှာဖုံးဓာတ်ပုံတွေမှာ အဖွဲ့လိုက်ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေအပြင် တစ်ဦးချင်းရိုက်ကူးထားတဲ့ ဓာတ်ပုံတွေလည်း ပါဝင်နေပါတယ်။ အဆိုပါဓာတ်ပုံတွေမှာ ကိုယ်စီကျော်ကြားပြီး အရည်အချင်းရှိတဲ့ အမျိုးသမီးလေးဦးကို အတူတွဲတွေ့ရပြီး တစ်ဦးချင်းစီဟာလည်း သီးသန့်ကိုယ်ပိုင်ဟန်နဲ့ တစ်မျိုးစီလှပကာ စွဲဆောင်မှုရှိနေတာကိုလည်း တွေ့ရပါတယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အမှတ်(၃၄)၊ ပထမလမ်း၊ (၅)ရပ်ကွက် ဟုခေါ်တွင်သော အလျားxအနံ(၃၁'x၆၇')၊ ဧရိယာ(၀.၀၄၈)၊ ဦးပိုင်အမှတ်(၁၉)၊ အကွက်အမှတ်-ဒီ-၂၊ ရွာလည်ကျောင်း၊ အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ဝင်းဝင်းမြတ်(ဘ) ဦးစံသိန်း[၁၄/ဖပန(နိုင်)၀၁၉၆၁၉] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြသန်းကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၁၁)
(၁၂)ရပ်ကွက်၊ မာလာမြိုင်လမ်းသွယ်၊ ဖျာပုံမြို့။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
သစ်အခြေခံစက်မှုလုပ်ငန်းဌာန
၀၆/၂၀၂၀-၂၀၂၁ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ(၁၉၁၄.၂၇၁၃)ကုဗမီတာအား အမေရိကန်ဒေါ်လာ(US$)ဖြင့် အိတ်ဖွင့်လေလံစနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၇-၅-၂၀၂၁ရက်(ကြာသပတေးနေ့) မွန်းတည့်(၁၂:၀၀)နာရီ

(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ
သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ် (B-1)၊ အခန်းအမှတ်(၅၁၄)၊ Type (B+)၅လွှာ၊ အကျယ်အဝန်း (၉၃၈)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇာခြည်ကို[၁၂/ကမရ(နိုင်)၀၀၃၁၂၂]ထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်နေ့တွင် ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွယ်နီအောင်
[၁၂/သလန(နိုင်)၀၇၁၃၉၇]
ဖုန်း ၀၉-၅၁၈၃၂၄၄၊ ၀၉-၇၉၈၄၅၅၄၅၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ အောင်ပန်းလမ်း၊ မြေကွက်အမှတ်(၇၄၇)၊ အကျယ်အဝန်း ပေ(၄၇x၆၀)၊ မြေအမျိုးအစား ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ပျဉ်ထောင်သွပ်မိုး အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ခင်သောင်းညွန့်[၁၂/လမတ(နိုင်)၀၁၅၃၀၂]မှ အမည်ပေါက်လျက်ရှိပြီး ယခုရောင်းချသူ ဒေါ်စန်းစန်းရီ[၁၂/လမတ(နိုင်)၀၁၈၁၀၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်နိုင်[၆/မအရ(နိုင်)၀၃၉၃၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြတ်ထွန်း(B.Sc,R.L) (စဉ်-၃၆၉၀)
ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L) (စဉ်-၁၂၁၇၃)

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၆၂၊ ပထမထပ်၊ အခန်း(၉)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၄၅၄၅၂၂၁၊ ၀၉-၂၅၁၀၂၀၄၁၅

နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်အပိုင်း(၄)ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အမှတ်(၂၄၅)တိုက်၏ မြေညီထပ်(အေ)၊ အကျယ်အဝန်း ၁၁ပေx၄၇ပေ တိုက်ခန်းအား ဒေါ်သန်းသန်းဌေး[၁၂/သဃက(နိုင်)၀၅၅၃၅၉]မှ စာချုပ်စာတမ်းများဖြင့် ပိုင်ဆိုင်ထားသူဖြစ်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ချမ်းငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်မင်းထွန်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၉၈၁၃)
အမှတ်(၅)၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၅၅၇၅၅၄၀၉၊ ၀၉-၇၇၃၅၀၄၉၇၆

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၃၆၁)၊ (၅)လွှာ(ယာ)၊ မဟာဗန္ဓုလလမ်းမကြီးနေ (အဖ) ဦးတင်အောင်၊ (အမိ)ဒေါ်ခင်နန်းစိုးတို့၏ သားဖြစ်သူ မောင်ဇင်မင်းထက်(၁၂/ကတတ(နိုင်)၀၃၃၃၅၁) ကိုင်ဆောင်သူသည်မိဘများ၏သဘောဆန္ဒကို ဆန့်ကျင်၍ မိမိ၏ စိတ်ထင်ရာကို ပြုမူသွားပါသဖြင့် ယနေ့ ၁၅. ၅. ၂၀၂၁ နေ့မှစ၍တရားဝင်သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်ဇင်မင်းထိုက်နှင့် ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်အောင်-၁၂/မဂတ(မြူ)၀၀၀၀၀၇
ဒေါ်ခင်နန်းစိုး-၁၂/မဂတ(နိုင်)၀၅၄၇၆၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ လှူနေရပ်ကွက်(င/က)၊ ပန်းရိုက်လမ်း၊ ခြံအမှတ်(၁၁)၊ မြေကွက်အမှတ်(၆/ခ)၊ အကျယ်ပေ(၀.၈၀၁)ဧက၊ ဦးဟုတ်လှိုင်(ခ)ဦးအောင်မြင့်အမည်ပေါက်ပိုင်ဆိုင်သော နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိအဆောက်အဦနှင့် အခြားအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးဟုတ်လှိုင်(ခ)ဦးအောင်မြင့်၏တရားဝင်ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး(ဘ)ဦးအောင်မြင့် [၁၂/သဃက(နိုင်)၁၂၆၅၈၀၁]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ဖြင့် တရားဝင်ယနေ့ထက်တိုင် ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆုမွန်သက် LL.B.D.B.L,Dipl
အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)
ဖုန်း-၀၉-၇၆၄၈၀၉၈၀၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ သမာဓိလမ်း၊ အမှတ်(၄၅၆)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိ (ဂရန်မိတ္တူခြမ်း)၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်မြရင် [၉/မရမ(နိုင်)၀၇၈၇၉၂]ကိုင်ဆောင်သူထံမှ ကျွန်တော် ဦးလှိုင်ဘွား [၁၂/ဥကတ(နိုင်)၁၈၆၂၉၃]၊ ကျွန်မ ဒေါ်ဝင်းဝင်းထွန်း [၁၂/ဥကတ(နိုင်)၁၅၆၀၂၀]တို့မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်ဘွား[၁၂/ဥကတ(နိုင်)၁၈၆၂၉၃]
ဒေါ်ဝင်းဝင်းထွန်း[၁၂/ဥကတ(နိုင်)၁၅၆၀၂၀]
ဖုန်း-၀၉-၅၀၄၃၃၇၄၊ ၀၉-၂၅၄၄၇၄၅၉၉

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ အမှတ်(၂၆၈)နှင့်(၂၆၉)ဟုခေါ်တွင်သော (အလျားပေ ၄၀xအနံပေ ၆၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေအကျယ်ရှိ ပါမစ်မြေကွက်များအား အဆက်ဆက်စာချုပ်ဖြင့် ပိုင်ဆိုင်သူ ဦးနေလင်းထွန်း[၁၂/ဒဂရ(နိုင်)၀၀၇၉၀၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဝယ်ယူသူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ထိုကဲ့သို့ပေးချေပြီးဖြစ်ပါ၍ မြေကွက်များအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤမြေကွက်များ၏အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်မေဝင်းမောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၃)
ရုံးအမှတ်(၁၀/၁၂)၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
အိမ်အမှတ်(၂၉၉/ခ)၊ ငုဝါမြိုင်လမ်း၊ (၁၀၇)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၉၉၅၆၃၊ ၀၉-၇၉၃၇၇၃၀၄၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

